ဝန်ထောက်ကြီး ဦးညို၏အတ္ထုပ္ပတ္တိ

ဘဝအလင်းပြ သခင်ပကျမ်း

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

၇၇-ရေကျော်လမ်း

ရန်ကုန်မြို့။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အသန္ဒိဋ္ဌဘေးကြီး ငြိုသဖြင့်

တရားဖောက်ပြန်နေရာမှ လမ်းကောင်းလမ်းမှန်ကို

တွေ့.ရှိရာ မျှားစွာဝမ်းမြောက်လှ၍ ဖတ်ရှုသူ

ဗုဒ္ဓဘာသာတိုင်း ပီတိသောမနဿ

ဖြစ်စေခြင်းငှာ ရေးသားသော

ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း

အတ္ထုပ္ပတ္တိကျမ်း

မင်းကတော်ကြီးမမည္ဆန့်

ရတနာပုံစာအုပ်တိုက်ဆိုင်ကြီး၊ မန္တလေးမြို့

မန္တလေးမြို့ ၊ ဓါးတန်း

ဂုဏာဝတီစာပုံနှိပ်တိုက်

၁၂၈၇-ခု ၊ ဝါခေါင်လ။

မှတ်ချက်

မူလစာအုပ်မှာ ငယ်လွန်းသဖြင့် ယခုစာအုပ်အရွယ်သို့
ပြောင်းလဲရိုက်နှိပ်ခြင်းမှအပ
အတွင်းဖုံး ရှေးကရိုက်နှိပ်သူ စာပုံနှိပ်စက်အမည်၊ ခုနှစ်များကို
ပြောင်းလွဲခြင်းမပြုပဲ
နောင်လူများ လေ့လာနိုင်ခွင့်ရရှိရန် ရည်ရွယ်၍
ပထမစာအုပ်မူအတိုင်းပင်ထားရှိသည် ဖြစ်ပါကြောင်း။
၁၃၂၄-ခု၊ ဝါခေါင်လ(၁၉၆၂-ခု၊ ဇူလိုင်လ)တွင် ထပ်မံပုံနှိပ်သည်။

ရန်ကုန်မြို့၊ ၁၃၈ ၊ ဗိုလ်ချုပ်ဈေး (အနောက်ဘက်တန်း)
ထိန်ဝင်းစာပေဖြန့်ချီရေး မှတ်ပုံတင်အမှတ် ဝ၂၂၄-၁၉၆၀
ကထုတ်ဝေ၍၊ ၆၀, ရေကျော်လမ်း၊ ရန်ကုန်မြို့၊ ကုသလဝတီ
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

နိဒါန်း

ကျွန်ုပ်သည် ဝင့်ဒုက္ခမှထွက်လို၍ တရားကိုရှာရာ ခရစ်ယာန်တရားကို နှစ်သက်၍ ခရစ်ယာန်တဆယ့်ရှစ်နှစ် ဖြစ်ပြီးမှ ဗုဒ္ဓဘာသာဘက်သို့ ပြန်ရောက်ခြင်း၏အတ္ထုပ္ပတ္တိကို ရေးမည်ဟု ကြံစည်ပါသော်လည်း အစိုးရအလုပ်ဝတ္တရားက မျှား၍ အချိန်မရခြင်းကြောင့် တကြောင်း၊ စာအုပ်ရေး ဝါသနာမပါသည် တကြောင်း၊ အမျှားလူတို့၏သဘော၌ ပကာသနကိုလို၍ ရေးသည် ထင်မည်စိုးသည့်အကြောင်းများကြောင့်မရေးဘဲ ကြာမြင့်စွာ ဆိုင်းငံ့ရသည်။ ယခုမှ ကျွန်ုပ်သည် အငြိမ်းစားဖြစ်၍ အားလပ်ခွင့် ရရှိသဖြင့် မိတ်ဆွေများကလည်း တိုက်တွန်းသောကြောင့် အမျှားလူတို့က မည်သို့ပင် ထင်စေကာမူ အမျိုးသားချင်းတို့၏အကျိုးကိုစောင့်ရှောက်ရာ ရောက်စေတော့ဟူသော စေတနာနှင့် ရေးသားဖော်ပြလိုက်ပါ၏။ ကျွန်ုပ်သည် ဤကျမ်းငယ်ကို ရေးရာ၌ သူတပါး အမြတ်တနိုး ကိုးကွယ်သော ဘာသာကို ထိခိုက်စေလိုသော သဘောဆန္ဒမရှိ၊ ကျွန်ုပ်၏ဝင့်ရှုံးပါးမှ ထွက်မြောက်ရာလမ်းကို အပန်းတကြီး ရှာဖွေပုံနှင့် ဗုဒ္ဓဘာသာကို ဘယ်အတွက် နှစ်သက်ကြောင်း ပြလိုသော စိတ်သာရှိသည့်အတွက် ဖြစ်ပျက်သမျှအတိုင်းကို ရေးသားလိုက်ပါသည်။

မောင်ညို

ရန်ကုန်မြို့

၁၂၇၈-ခု၊ တန်ခူးလဆုတ် ၇-ရက်။

ဤစာအုပ်ငယ်

သေးငယ်သော ညောင်စေ့သည် အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော လူအများ တိရစ္ဆာန်အများကို မျက်နှာမလိုက်ဘဲ အရိပ်အာဝါသကိုပေးစွမ်းနိုင်သည့် ပညောင်ပင်ကြီးကို ကာလအားဖြင့် ဖြစ်စေနိုင်လေသည်။ သေးငယ်သော ခန္ဓာကိုယ်ရှိသော လူသည် ရေ, မြေ, တော, တောင်, သမုဒ္ဒရာများကို ကိုယ်လိုရာ ဖြစ်စေနိုင်သည့်ပြင် သွက်သွက်ခါအောင်ပင် တုန်လှုပ်ချောက်ချားစေနိုင်လေသည်။

လူသည် ဤကဲ့သို့ တုန်လှုပ်ချောက်ချားစေနိုင်အောင် ပြုလုပ်နိုင်ခြင်းသည် ကာယဗလကြောင့်လော၊ ဉာဏဗလကြောင့်လော။

အနုမြူဗုံးသည် သတ္တဝါအပေါင်းနှင့်တကွ သတ္တဝါတို့၏ နေထိုင်ရာ လောကဓာတ်ကို စိစိညက်ညက် ချေဖျက်နိုင်စွမ်းရှိသော အစွမ်းသို့ရောက်ရှိအောင် မည်သူဖန်ဆင်းခဲ့သနည်း။ လောကဓာတ်ပညာရှင်လူသားပင် မဟုတ်ပါလော၊ ထိုလူသားသည် အဘယ်အသိဉာဏ်ဖြင့် အနုမြူဗုံးကို ဖန်တီးခဲ့သနည်း။

ထိုလောကဓာတ်ပညာရှင် ဖန်တီးခဲ့သော အနုမြူဗုံးကို နိုင်ငံတကာ၏ခေါင်းဆောင်ဖြစ်နေကြသော ပုဂ္ဂိုလ်များသည် အဘယ်အသိဉာဏ်ဖြင့် အဘယ်ကဲ့သို့ အသုံးချကြမည်နည်း။

သေးငယ်သော "လူသား"၏အသိဉာဏ် ရင့်ကျက်မှုပေါ်တွင် တည်၍သာ သတ္တဝါများ၏ ချမ်းသာမှု ဆင်းရဲမှုသည် တည်ခဲ့သည် မဟုတ်ပါလော၊ အမှန်တရားကို မသိသောသူသည် သတ္တဝါအပေါင်း၏ ဆင်းရဲချမ်းသာမှုကို မင့်၊ မိမိထင်ရာကို ပြုကြမည်သာ ဓမ္မတာပင်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မိမိလည်းဆင်းရဲ သူတပါးလည်း ဆင်းရဲအောင် ပြုလုပ်ကြံစည်ပြောဆိုသူသည် လူမိုက်သာ ဖြစ်ပေသည်။ ထိုအမှန်တရားကို မသိသော လူမိုက်နှင့်အတူနေရသော ကျေးရွာ, မြို့နယ်, ခရိုင်, တိုင်းပြည်, ကမ္ဘာကြီးသည် ဘယ်သောအခါမှ အေးချမ်းမှုကို ရနိုင်မည် မဟုတ်ပေ။

ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါများ ချမ်းသာရာရဘို့အတွက် လူမိုက်ကို ဦးစွာရှောင်ကြဉ်ရန်နှင့် လောကဌ် သတ္တဝါအများ ဖြစ်သမျှ ဆင်းရဲ၊ တိုင်းပြည်နိုင်ငံ ဆူကနဲ ပွက်ကနဲဖြစ်ရခြင်း၊ ကမ္ဘာပျက်ရခြင်း အကြောင်းများသည် လူမိုက်ကြောင့်သာ ဖြစ်ရကြောင်း ပိဋကတ်တော်များတွင် ဟောခဲ့သည်မှာ အထင်အရှားပင် ဖြစ်ခဲ့ပါသည်။

ကမ္ဘာ့လူသားများ သတ္တဝါများချမ်းသာရန်သည် ကမ္ဘာ့လူသားများ အချုပ်အားဖြင့် ကမ္ဘာ့ခေါင်းဆောင်များ, တိုင်းပြည်ခေါင်းဆောင်များ, မြို့ရွာနယ်ပယ်ခေါင်းဆောင်များသည် လူမိုက်မဖြစ်ပါမှ အမှန်တရားကို သိသောလူလိမ္မာ ပညာရှိများ ဖြစ်ကြပါမှသာ လူအများ ချမ်းသာခွင့် ရနိုင်ကြပါမည်။

ထို့ကြောင့် သေးငယ်သောညောင်စေ့သည် လူအများ၊ တိ-ရစ္ဆာန်များ၏အရိပ်ခိုကိုးရာ ပညောင်ပင်ကြီးအဖြစ်သို့ ကာလအားလျော်စွာ ရောက်လာဘိရသကဲ့သို့၊ ယခုစာဖတ်သူ ချစ်ဆွေ၏လက်တွင် ရှိသော စာအုပ်ငယ်သည်လည်း စာဖတ်သူအပေါင်း စူစမ်းဆင်ခြင်တတ်ခြင်းအမှန်ကို ဝေဖန်လက်ခံလိုစိတ် ပြင်းပျလာခြင်း အစရှိသော အမှန်တရားများ ရရှိနိုင်သော အကျိုးကြီးများကို ပေးစွမ်းနိုင်စေသော စာအုပ်ငယ် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဦးညို၏ဖြူစင်သော သဘော

မိမိ၏အဖြစ်အပျက် အမှန်ကိုတင်ပြသော ဝန်ထောက်ကြီးဦးညို သည် ဗုဒ္ဓဘာသာတရားကို အားထုတ်နေရာမှ အလွန်ရိုးသားဖြူစင်စွာ ခရစ်ယာန်ဘာသာသို့ ကူးပြောင်း၍ အားထုတ်နေရာမှတဖန် မိမိ၏ဇနီး မမကြီးကြောင့် ရိုးသားစွာပင် မိမိအသိဉာဏ်ဖြင့်ဝေဖန်ပိုင်းခြားလျက် ဗုဒ္ဓဘာသာသို့ ပြန်လည်ကူးပြောင်းလာခဲ့ပုံ။

"မြန်မာလူမျိုး၏ အလွန်အဖိုးထိုက်သော သဘောတစ်ခုမှာ အားနာခြင်းဖြစ်လေသည်။ ဤအားနာခြင်းဆိုသော စကားသည် အခြား လူမျိုးများမှာ မရှိချေ". . . ဆိုပြီး အားနာခြင်း၏အဖိုးတန်ပုံ၊ ဘုန်းကြီး ကျောင်းများ၊ ဘုန်းကြီးကျောင်းသားများ၏အဖိုးတန်ပုံ၊ ဗမာဗုဒ္ဓဘာသာ ဝင်များ လွဲမှားစွာမှတ်ယူတတ်ပုံ၊ တရားတော်ကို အယူအဆ မတတ်ကြ၍ လောကမှာ လူမျိုးခြားထက် ညံ့နေပုံများကို ရိုးရိုးတိုတိုကလေးနှင့် ဖော်ပြ ထားသည်မှာ အလွန်ကျေးဇူးများသော စာအုပ်ဖြစ်ပါသည်။

ကိုယ်တွေ့သစ္စာ

မီးလောင်ရာတွင် ငုံးမင်းပရိတ်ရွတ်လျက် မီးလောင်ခံရပုံကို အကြောင်းပြု၍ ၎င်း၏ကိုယ်တွေ့သစ္စာပြုပုံများကို ဖော်ပြထားသည် မှာလည်း အားကျဖွယ်, နည်းယူဖွယ်ပင် ဖြစ်ပါသည်။

မြောင်းမြဆရာတော်

ဤစာအုပ်ငယ်တွင် ပါဝင်သော အကြောင်းများကို ရွှေကျင် ဒုတိယသာသနာပိုင် မြောင်းမြပဇ္ဇောတာရုံ ဆရာတော်ဘုရားကြီးထံမှ မကြာခဏ ကြားဖူးလျက် ရှိပါသော်လည်း စာအုပ်ကို တစ်ခါမျှ မမြင်ဖူးပါ။ ကျွန်တော်၏စိတ်တွင် အလွန်ဖတ်လိုစိတ် ဖြစ်လျက်ရှိပါသည်။ စာအုပ်မှာ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

လည်း အလွန်ကြာမြင့်စွာက ထုတ်ဝေသော စာအုပ်ဖြစ်သဖြင့် ဖတ်ခွင့်ရရန်မှာ မလွယ်ကူခဲ့ပါ။

စစ်ကိုင်းရွှေဟင်္သာဆရာတော်

စစ်ကိုင်းရွှေဟင်္သာချောင် ဆရာတော်အရှင်ပဏ္ဍိတထေရ်ထံသို့ ကျွန်တော် အဖူးမျှော် ရောက်သွားရာတွင်မှ ဝန်ထောက်ကြီးဦးညို၏ အတ္ထုပ္ပတ္တိစာအုပ်ငယ်တအုပ်ကို ဦးညို၏သမီး အသက်(၇၀)ကျော်ရှိ သီလရှင်ကြီးတဦးထံမှ ရှားရှားပါးပါး ရရှိထားကြောင်း အမိန့်ရှိသဖြင့် ဆရာတော်အား ထိုစာအုပ်ကို ချီးမြှင့်ပါက စာအုပ်ရှိက် လျှုဒါန်းလိုကြောင်း လျှောက်ထားသဖြင့် ဆရာတော်က စာအုပ်ကို ကျွန်တော့အား ချီးမြှင့်လိုက်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

ထိုစာအုပ်ကို ရခဲ့ပြီးနောက် ဗုဒ္ဓဘာသာကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ)အသင်း အမှုဆောင်လူကြီးများက မြန်မာစာဖတ်ပရိသတ်များအတွက် အကျိုးရှိမည်ဟု ယုံကြည်ကြပါသဖြင့် ဥက္ကဋ္ဌကြီး ချပ်သင်းဦးဘတင်နှင့် ကျွန်တော်တို့က စာအုပ် ငါးထောင်(၅၀၀၀)အတွက် ရောင်းချပေးရန် တာဝန်ယူပြီး ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေ ဖြန့်ချီလိုက်ပါသည်။

လျှုဒါန်းလိုသူနှင့်ဖတ်လိုသူများ

စာအုပ်ကို တအုပ်ချင်း ဖတ်လိုသူများအတွက် ဝယ်ယူလိုခဲ့သော တအုပ်လျှင် ၁/ဖြင့်ရင်း၊ လျှုဒါန်းလိုသဖြင့် အုပ်ရေ ငါးဆယ်(၅၀)ထက်မနည်း ဝယ်ယူလိုသောသူများသည် တစ်အုပ်လျှင် ပြား(၅၀)နှုန်းဖြင့်ရင်း၊ ဝိုင်-အမ်-ဘီ-အေအသင်းတိုက်နှင့်ကုသလဝတီ ပုံနှိပ်တိုက် ဦးဘကျော်

ထံတွင်၎င်း၊ ထိန်ဝင်းစာပေဖြန့်ချီရေး၊ ၁၃၈-ဗိုလ်ချုပ်စျေး(အနောက်ဘက်တန်း)ရန်ကုန်မြို့တွင်၎င်း အလိုရှိသလောက် ဝယ်ယူနိုင်ကြပါသည်။

ထိန်ဝင်း

(၁၄-၇-၆၂)

မချစ်ဘဲ မနေနိုင်သူ

ဘန္တေ၊ ရွှေဘုန်းတော်အရှင်။ ဘဂဝံ၊ ကိုယ်တော်မြတ်ဘုရားသည်။ မာတုမာယာယံ၊ မယ်တော်မာယာမိဖုရား၌။ ယာဒိသော၊ အကြင်သို့ ချစ်ခင်မေတ္တာ လွန်စွာသနားတော်မူခြင်းသဘော ရှိတော်မူ၏။ သုန္ဒရိယမ္မိ၊ ကိုယ်တော်စင်ကို လင်ဟုစွပ်စွဲ မိုက်မဲမထီ သုန္ဒရီတွင်ထ ပရိဗိုဇ်မသော်လည်း။ တာဒိသော၊ ထိုမယ်တော်သဖွယ် သဘောထားတော်မူနိုင်ပေ၏။ ပိတုရာဇမ္မိ၊ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၌လည်း။ ယာဒိသော၊ အကြင်သို့သဘောရှိတော်မူ၏။ သုပ္ပဗုဒ္ဓေပိ၊ ရန်သူတစ်ယောက် အပြစ်ကောက်၍ နေသော သုပ္ပဗုဒ္ဓမင်းကြီး၌သော်လည်း။ တာဒိသော၊ ထိုခမည်းတော်မင်းကြီးသဖွယ် သဘောထားတော်မူနိုင်ပေ၏။

ရာဟုလေ၊ ရာဟုလာခေါ် ရင်သွေးတော်၌၎င်း။ နန္ဒေ၊ နန္ဒမည်ခေါ် ညီတော်ရင်း၌၎င်း။ ယာဒိသော၊ အကြင်သို့ သဘောရှိတော်မူ၏။ ဒေဝဒတ္တေပိ၊ ကိုယ်တော်မြတ်ကို သတ်အံ့သောဌာ အပေါက်ရှာ၍နေသော ဒေဝဒတ်၌လည်း ထိုသားတော်သဖွယ် ညီတော်နှယ်နှယ် သဘောကြွယ်တော်မူနိုင်ပေ၏။ အာနန္ဒေ၊ အာနန္ဒမထေရ်၌။ ယာဒိသော၊ အကြင်သို့ ချစ်ခင်စုံမက် နှစ်သက်ခြင်းသဘောရှိတော်မူ၏။ အနန္ဒေ၊ အလုပ်အကျွေးအရာ လွန်စွာမနှစ်သက်အပ်သော။ သုနက္ခတ္တေပိ၊ အလွန် ညစ်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ညမ်းသုနက္ခတ်ရဟန်း၌သော်လည်း။ တာဒိသော၊ ထိုအသျှင်အာနန္ဒာ သဖွယ် သဘောထားတော်မူနိုင်ပေ၏။

သ,သာဝကေသုပိ၊ ကိုယ်တော်မြတ်၏တပည့်သားတော်တို့၌ လည်း။ ယာဒိသော၊ အကြင်သို့ချစ်ခင်သောသဘော ရှိတော်မူ၏။ တိတ္ထိ -ယေသုပိ၊ ဝိသဘာဂတိတ္ထိယတို့၌သော်လည်း။ တာဒိသော၊ ထိုကိုယ် တော်မြတ်၏တပည့်သားတော်တို့နှင့် ထပ်တူထပ်မျှ နှလုံးထားနိုင်တော် မူနိုင်ပေ၏။ ဝေါ၊ ကိုယ်တော်ဘုရားတို့၏။ အတ္ထမှိ၊ ကိုယ်တော်မြတ်၌၊ ယာဒိသော၊ အကြင်သို့ ဥပါဒိကင်းကွာ အကြင်သို့ ချမ်းသာလိုသော သဘောရှိတော်မူ၏။ သဗ္ဗ သတ္တေပိ၊ အလုံးစုံသောသတ္တဝါများ၌လည်း။ တာဒိသော၊ ထိုကိုယ်တော်မြတ်နှင့် ထပ်တူထပ်မျှ နှလုံးထားတော်မူ နိုင်ပေ၏။

ဇတာဒိသံ၊ ဤသို့သဘော ရှိတော်မူသော၊ အမေတ္တံ၊ မချစ်နိုင် စလောက်သော သူဆိုးသူသွမ်းကိုသော်လည်း။ မေတ္တံ မေတ္တံ၊ အလွန်ချစ် တော်မူနိုင်ပေသော။ သဗ္ဗေသုပိ၊ သူခပ်သိမ်းတို့၌လည်း။ ဒယံ ဒယံ၊ အလွန်သနားလေ့ရှိတော်မူသော။ သဗ္ဗေသမ္မိ၊ သူခပ်သိမ်းတို့ အားလည်း။ သုခံ၊ ချမ်းသာကို။ ဒေန္တိ၊ ပေးတော်မူနိုင်ပေသော။ ဘဂဝန္တံ၊ ကိုယ်တော်မြတ် ဘုရားကို။ ကော၊ အဘယ်မည်သောသူသည်။ အပိယေတဝေ၊ မချစ်ဘဲ နေခြင်းငှာ။ သက္ကာ၊ တတ်နိုင်ကောင်းပါတော့အံ့နည်း။ [ဝိစိတြဝန္ဒနာ]

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ခရစ်ယာန်ဘာသာကို ရှေးဦးစွာ စဉ်းစားခြင်း

E-book is created by www.shanyoma.org

၁၈၈၃-ခုနှစ်တွင် ကျွန်ုပ်သည် ရွှေကျင်မြို့၌ ငွေတိုက်စာရင်းကိုင်စာရေးကြီးအလုပ်နှင့်နေစဉ် ဦးသီလာစာရအရှင်သူမြတ်လည်း ၎င်းမြို့အရှေ့ဘက် ကျောက်လုံးကြီးရွာက တစ်မိုင်ကွာခန့် တောရကျောင်း၌ သီတင်းသုံးတော်မူလေသည်။ ထိုအခါ ဗုဒ္ဓဘာသာမြန်မာ ရုံးအရာရှိကြီး ငယ်တို့လည်း မိမိတို့အားလပ်ခွင့်ရသော တနင်္ဂနွေနေ့တိုင်း ထိုပုဂ္ဂိုလ်မြတ်ထံသွားရောက် သီလကို အသီးအသီး ဆောက်တည်ကြရာ ကျွန်ုပ်သည်လည်း ထိုအရှင်ကိုအလွန်ကြည်ညိုသောကြောင့် ထိုသူများနှင့်အတူ ဥပုသ်ဆောက်တည်ပါသည်။

ကျွန်ုပ်သည် တရား၌ လွန်စွာအားထုတ်လိုသဖြင့် မေးမြန်းစုံစမ်းရာ အရိုးစုကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း ပြောပြကြ၍ အားထုတ်သည့်ကာလ ကမ္မဋ္ဌာန်းအတော်အတန်ပင် ပေါက်လာသည်။ ထို့နောက် မည်ကဲ့သို့ ရှေ့သို့တိုးတက်၍ ပြုလုပ်သင့်ကြောင်း ကိုယ့်ထက်အသက်ကြီးသော သီတင်းသည်အဖော်များကို မေးမြန်းသော်လည်း မည်သူတဦးတစ်ယောက်မျှ မပြောနိုင်ကြ။

ဥပုသ်ဆောက်တည်သောနေ့ပင်မဟုတ်သော်လည်း ၎င်းအရိုးစုသည် အာရုံ၌မပြတ်မလပ်ထင်လေ့ရှိသောကြောင့်၊ ညတစ်ညတွင် ထိုအရိုးစုထင်မြင်လာသည့်အခါ အိမ်နီးနားချင်းဖြစ်သော ရဟန်းလူထွက်ကြီးတယောက်ကို ပင့်၍ တိုင်ပင်ရာ မကောင်းသောနတ်များက တိုက်တွန်း၍ပင်ဖြစ်သည်။ သို့မဟုတ် မည်သို့သဘောနှင့်ဖြစ်သည်မသိ။ ထိုသူကပြောသည်မှာ "ဤအရိုးစုကမ္မဋ္ဌာန်းကို အာရုံထင်ဆဲ၌ ဘဝကူးခဲ့လျှင် ပြိတ္တာဖြစ်တတ်သည်" ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုလေ့ရှိသည်။

E-book is created by www.shanyoma.org

ထိုအခါ ကျွန်ုပ်၏စိတ်၌ ငါသည် ထိုမျှလောက် ကြီစားအား ထုတ်ပါလျက် ငါ၏ကြီးစားခြင်းသည် အချည်းအနှီးပါတကား။ ငါသည် ထမင်းငတ်ခံ၍ တနင်္ဂနွေနေ့တိုင်း ဥပုသ်ဆောက်တည်ခြင်းသည် အလဟ -သပါတကား။ ငါတို့ ဥပုသ်ဆောက်တည်ရန်အလို့ငှာ သွားသောလမ်း နားတွင် ခရစ်ယာန်ကျောင်းတဆောင်၌ ခရစ်ယာန်ဘာသာဝင်တို့သည် ခုံရှည်၊ ကုလားထိုင်၊ အခြားထိုင်ခုံ စသည်တို့ဖြင့် ထိုင်၍ အပေါ်က လေ ယပ်ဆွဲလျက်၊ အေးအေးကြည်ကြည် သီချင်းများ သီဆိုနေကြသည်။ သူတို့သည် ထမင်းအငတ်လည်း မခံရဘဲ ကောင်းကျိုးချမ်းသာကို ခံစား စံစားရမည့်လက္ခဏာ ရှိကြသည်။ ထာဝရဘုရားသခင်ထံမှာ သားတော် မြတ်သခင်ယေရှုခရစ်၏နာမတော်နှင့်တောင်းလျှင် ဆုတောင်းတိုင်း ပြည့် သည်ဟု ငါကြားသည်။ ထိုခရစ်ယာန်ဘာသာ၏အကြောင်းကို ငါ စုံစမ်းမှ တော်တော့မည်ဟု ကြံစည်မိလေသည်။

နှစ်ခြင်းမဂ်လာ ခံယူခြင်းအကြောင်း

အထက်က ရေးသားဖော်ပြခဲ့သည့်အတိုင်း ကြံစည်ပြီးနောက် များမကြာမီ သာယာဝတီဒီစတြိတ် သုံးဆယ်မြို့ကလာ၍ တရားဟော ဆရာအလုပ်ကို လုပ်ကိုင်နေသူ အလွန်ရှုပ်လက္ခဏာနှင့်ပြည့်စုံသော အသက်(၆၀)ကျော်ရှိ ခရစ်ယာန်ဆရာကြီးတယောက်သည် ကျွန်ုပ်၏ အိမ်သို့ အလည်အပတ်လာရာ ဝမ်းမြောက်ဝမ်းသာစွာနှင့် ခရစ်ယာန် တရားများကို ဆွေးနွေးကြသည်။

ထိုဆရာကြီးသည် အလွန်လူရေးလူရာ၌ ကျွမ်းကျင်သောသူဖြစ် သည်နှင့် ကျွန်ုပ်၏အလိုဆန္ဒကို ရိပ်မိလေသဖြင့် စိတ်အားထက်သန်စွာ နှင့် ပုံတိုပါဠိစများကို ပြောသည်ကတလှည့်၊ ခရစ်ယာန်၏တရားကို ညှပ်ကာ ညှပ်ကာ ထည့်သွင်း၍ ဟောပြောလျက် အဆုံးသတ်စကား အား တက်ရန် ပြောကြားသည်မှာ “အကယ်၍ ခရစ်ယာန်အယူကို ယူခြင်းအား

ဖြင့် မှားယွင်းသဖြင့် ငရဲခံရဦးမည်ဆိုပါဦးတော့၊ ခရစ်ယာန်ဘာသာမှာ ပညာရှိအများရှိခြင်းကြောင့် ငရဲမီးပူ သက်သာအောင် ဉာဏ်ဖြင့် စီမံပြုလုပ်၍ ခံရလိမ့်မည်။ ဗုဒ္ဓဘာသာမှာကား ပညာရှိနည်းသောကြောင့် နိဿျည်းပေးနိုင်မည် မဟုတ်ကြောင်း"အားရပါးရ ပြောကြားလေသည်။ ဆရာကြီးကလည်း အပြောသန်၊ ကျွန်ုပ်တို့ကလည်း ဗုဒ္ဓဘာသာတရားကို ကောင်းစွာနားမလည်သော ယောင်တီးယောင်တသမားများ ဖြစ်ကြသောကြောင့် ယခုနေ့ နက်ဖြန်ကာပင် ကောင်းကင်ဘုံ စံပျော်သော ထာဝရဘုရားနှင့်အကျွမ်းတဝင် မျက်မှောက်ထင်ထင် ကြွလာတော့မည်ဟု စိတ်သဘော၌ မှတ်ပိုက်၍ ထိုခရစ်ယာန်ဘာသာတရားကို များစွာနှစ်ခြိုက်ကြလေသည်။

ရွှေကျင်မြို့သည် ကျွန်ုပ်၏ချက်မြှုပ်ရာဌာနမဟုတ်သော်လည်း၊ ငယ်ကတည်းကနေ၍ လာသောမြို့ဖြစ်သည်အားလျှော်စွာ မိတ်သင်္ဂဟအလွန်များသည်နှင့် ထိုမိတ်သင်္ဂဟတို့က အလွန်နှမြောသည့်အတွက်ကြောင့် ကျမ်းဂန်တတ်ဆရာကြီးများကို ပင့်ဖိတ်၍ ကျွန်ုပ်ထံ အကြိမ်ကြိမ် လာရောက်ဟောပြောသော်လည်း ထိုဆရာကြီးများသည် ခရစ်ယာန်ကျမ်းစာကို မသိမကျွမ်းသည့်အတွက် ပျက်ကွက်အောင် မဟောမပြောနိုင်ခြင်းကြောင့် ကျွန်ုပ်၏စိတ်သဘောကို ပြောင်းလဲအောင် မတတ်နိုင်ကြ။

တနေ့ထက်တနေ့ ခရစ်ယာန်ဘက်က အားသန်သဖြင့် တနှစ်ခန့် လောက်စဉ်းစားပြီးလျှင် အမေရိကန်သာသနာပြုဆရာကြီး ဆရာဟေးလ လက်ဖြင့် မိတ်ဆွေသင်္ဂဟတို့ရင်ပတ်စည်တီး ကမ်းပါးပေါ်က ကြည့်နေကြစဉ် ကျွန်ုပ်နှင့်ဇနီးမိန်းမပါ နှစ်ခြင်းမဂ်လာ ခံယူကြလေသည်။

နှစ်ခြင်းမဂ်လာခံယူပြီးနောက် အိမ်သို့ပြန်ရောက်သည်နှင့် တပြိုင်နက် ဗုဒ္ဓဘာသာနှင့်စပ်ဆိုင်သမျှ ညောင်ရေအိုးစင်၊ စာအုပ်များ မှစ၍ ရိုက်ခွဲ လွှင့်ပစ်လိုက်ရာ စာအုပ်များကို ဆွေမျိုးများက မျက်ရည်ကျလျက် ကောက်ယူသွားကြလေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ထို့နောက် မိတ်ဆွေများသည် ကျွန်ုပ်ကို အလွန်ရွံ့စရာကောင်းသောသတ္တဝါကဲ့သို့ ခပ်ရှောင်ရှောင်နေကြသည့်ပြင် ကဲ့ရဲ့ပြစ်တင်စာများ ပေးကြသည်။

ကျွန်ုပ်၏ဖခင်ကလည်း ကျွန်ုပ် နှစ်ခြင်းခံသည်ကို ကြားရ၍ အလွန်စိတ်ဆိုးသောကြောင့် အရှက်ခွဲသော သားတယောက်ဖြစ်၍ သေခန်း၊ ရှင်ခန်းဖြတ်လိုက်ပြီဟူသောစာကို ရေးပေးသော်လည်း ကျွန်ုပ်သည် အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိ။ မြေကြီးပေါ်က ဖခင် မချစ်၍ အမွေစား အမွေခံ မဖြစ်ရစေကာမူ ကောင်းကင်ဘုံက ခမည်းတော် ချစ်လျှင် တော်ပြီ၊ လောကီအသရေ ဘဏ္ဍာဥစ္စာကို အလိုရှိ၍လုပ်သည်မဟုတ်၊ ထာဝရဘုရားသခင်ကို ချစ်၍သာ ခရစ်ယာန်လုပ်သည်ဟု စိတ်၌ထင်မှတ်ကာ နေပြီးလျှင် "အိုကောင်းကင် ဗိုလ်ခြေအရှင်၊ ထာဝရဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်အရှင်၏သိုးစုထဲသို့ဝင်သော သိုးတစ်ကောင်ဖြစ်ပါသည်။ ကိုယ်တော်အရှင်မြတ်သည် သိုးထိန်းတော်ကြီးဖြစ်သည်အားလျော်စွာ ယခုလမ်းလွဲလျက်ရှိသော အကျွန်ုပ်၏မြေကြီးသားဖခင်ကို ကိုယ်တော်၏ သိုးခြံတော်ထဲသို့ ပါအောင် သွေးဆောင်ခေါ်ယူတော်မူပါမည့်အကြောင်း သားတော်မြတ် သခင်ယေရှုခရစ်၏နာမတော်မြတ်ကို အမှီပြု၍ ရိုသေစွာ ရှိခိုးအသနားတော်မြတ်ခံပါသည်။ ကျေးဇူးရှင် အဖဘုရားသခင်"ဟုဆို၍ ဆုတောင်းလိုက်လေသည်။(ခရစ်ယာန်ဘာသာ၌ နှစ်ခြင်းခံပြီးသောသူသည် ထာဝရဘုရား၏သိုးအဖြစ်သို့ရောက်သည်။ ထို့အတွက် ကျွန်ုပ်၏ဖခင်ကိုလည်း ကျွန်ုပ်ကဲ့သို့ သိုးတော်ဖြစ်ရအောင် ဆုတောင်းသည်။)

ဤကဲ့သို့ နှစ်ခြင်းခံပြီးသည်ကစ၍ ဗုဒ္ဓဘာသာမှာနေကြသောသူတို့ကို အလွန်သနားသဖြင့် ထာဝရဘုရား၏အပြစ်ဒဏ်ခတ်ခြင်းနှင့် လွတ်ရအောင် တွေ့ဆုံသမျှသောသူတို့ကို ခရစ်ယာန်တရား ဟောပြောလျက် ကာလကို လွန်စေသည်။ ထို့ပြင်လည်း ဗုဒ္ဓဘာသာမှာနေစဉ်က

ဌက်များကို ပစ်ခတ်သော်လည်း ရံဖန်ရံခါသာ ငရဲကို ကြောက်ကြောက်လန့်လန့်နှင့်ပစ်ခတ်ရသည်။ ယခုမှာကား ထာဝရဘုရားက စားရန် ဖန်ဆင်းထားသောအရာများဖြစ်၍ စိတ်ချလက်ချ ပစ်ခတ်စားသောက်လေသည်။

တခါတရံ ကျွန်ုပ်အထက်က ဥပုသ်စောင့်ဖူးသော ဇရပ်နားကို သီ၍ သေနတ်ကြီးကို ထမ်းလျက် ပစ်ခတ်ရသောဌက်များကို နောက်လိုက်တစ်ယောက်ကို ကိုင်စေပြီးလျှင် ဇရပ်ပေါ်မှာ ဥပုသ်စောင့်၍ ထမင်းငတ်ခံနေကြသော လူများမြင်အောင် တမင်တကာ လမ်းလျှောက်၍သွားလေသည်။

ခရစ်ယာန်ကျမ်းစာများကို လက်ရှိထားသော်လည်း မျှားစွာမတတ်၊ ဖတ်ရန်လည်း အချိန်မရနိုင်၊ ဆရာကြီးများ ဟောပြောသမျှနှင့်ပင် ကျေနပ်၍နေရတော့သည်။

မိတ္ထီလာမြို့တွင် အိပ်မက်မြင်ခြင်း

ရှေ့ကျင်မြို့က အခြားအရပ်များကို ရွှေ့ပြောင်းရပြီးနောက် ၁၈၉၃-ခုနှစ်တွင် မိတ္ထီလာမြို့သို့ နယ်ပိုင်ဝန်ထောက်အလုပ်နှင့် ရွှေ့ပြောင်းထမ်းရွက်ရသည်။

ဤမြို့မှာ ကျွန်ုပ်နှင့်ဝိုဏ်းတူသော အမေရိကန် နှစ်ခြင်းအသင်းတစ်ခုရှိ၍ ဝမ်းမြောက်ဝမ်းသာစွာနှင့် တနင်္ဂနွေနေ့တိုင်း မှန်ကန်စွာဘုရားရှိခိုးကျောင်းသို့ တက်၍၊ ရံဖန်ရံခါ တရားပလ္လင်ပေါ်ကနေ၍ ဆရာကြီးများနည်းတူ တရားများဟောပြောသည့်ပြင် အထက်နိုင်ငံသည် ဗုဒ္ဓဘာသာဘက်၌ ယုံကြည်သောသူများသည်ဖြစ်၍ ထိုယုံကြည်ခြင်းကို ဖျက်ဆီးတော်မူပါမည့်အကြောင်း ထာဝရဘုရားထံမှာ အထူးဂရုစိုက်၍ ဆုတောင်းပတ္ထနာပြုလုပ်သည်။ ဘယ်အတွက် ဤကဲ့သို့တောင်းရပါ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သနည်းဟူမူ မိတ္ထီလာမြို့မှာ ကျွန်ုပ်မရောက်မီက သာသနာပြုဆရာကြီး ကိုယ်တိုင် မြို့ထဲတွင် တရားဟောရာ ကျောက်ခဲတို့ဖြင့် ပစ်ခတ်ကြသော ကြောင့် ကောင်းကောင်း မဟော မပြောရသည့်အတွက် အထူးဆုတောင်း ရလေသည်။ နှစ်ပရိစ္ဆေဒကြာသည်နှင့် ထာဝရဘုရားသခင်သည် ကျွန်ုပ် ဆုတောင်းသည့်အတိုင်း ကျွန်ုပ်ဖခင်၏စိတ်နှလုံးကို ပြင်ဆင်ပြောင်းလဲပြီ ဟုသဘောရ၍ ကျွန်ုပ်၏ဖခင်ထံ အလွန်ရှိသေသောစကားဖြင့် စာ တစ်စောင်ရေး၍ လမ်းကောင်းလမ်းမှန်ဖြစ်သော ခရစ်ယန်ဘာသာသို့ ပြောင်းလဲပါမည့်အကြောင်း ခရစ်ယာန်ကျမ်းက သင့်လျော်သောစကား များကို နုတ်ထုတ်ရေးပေးလိုက်ရာ စာမပြန်ပဲရှိသောကြောင့် အကြောင်း သိလို၍ အခြားသူသို့ စာရေး၍ မေးကြည့်သည့်ကာလ ကျွန်ုပ်၏ဖခင် သည် ကျွန်ုပ်ထံက စာကိုရ၍ ဖတ်ကြည့်ပြီးလျှင် တခါတည်းမီးရှို့လိုက် ကြောင်း သိရလေသည်။

ညဉ့်တစ်ညဉ့်၌ ကျွန်ုပ်အိပ်မက် မြင်မက်သည်မှာ ဝတ်ဖြူစင် ကြယ် ဝတ်လျက်ရှိသော ဘိုးသူတော်တစ်ပါးသည် ကျွန်ုပ်ထံသို့လာ၍ ကျောက်သင်ပုန်းတစ်ခုကို ပေး၍ ၎င်းသင်ပုန်းပေါ်မှာ စာရေးရမည်၊ သူက ပြောပေးမည်ဟုဆိုသည့်အရ သူပြောသမျှ ကျွန်ုပ်က ရေးရသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

“ညာတိမဇ္ဈေယ မ္မံ၊ ယ–စ–သ”

ဤသို့ရေးပြီးသည်နှင့်တပြိုင်နက် ကျွန်ုပ်လန့်၍ နိုးသောအခါ ထိုအိပ်မက်ကို ချက်ချင်း စာဖြင့် ရေးသားထားလေသည်။

နံနက်လင်းသောအခါ ပုဂ္ဂိုလ်ပညာတတ်တို့အား အိပ်မက်၏ အနက်ကို မေးမြန်းစေရာ ကောင်းမွန်စွာ မဖြေမဆိုနိုင်ကြ။

ကျွန်ုပ်ကလည်း ထိုအိပ်မက်သည် ဗုဒ္ဓဘာသာဘက်က အိပ်မက် ဟူ၍ အရေးမယူ ဂရုမစိုက်ဘဲ နေလိုက်လေသည်။

ခရစ်ယာန်ဇနီးကွယ်လွန်၍ ဗုဒ္ဓဘာသာကို ယုံကြည်သူနှင့် လက်ထပ်ခြင်းအကြောင်း

E-book is created by **www.shanyoma.org**

မိတ္ထီလာမြို့မှာ ၂-နှစ်ခန့်ကြာလျှင် ကျွန်ုပ်၏ခရစ်ယာန်ဇနီး ကွယ်လွန်လေရာ ဘာသာထုံးစံအတိုင်း သင်္ဂြိုဟ်ခြင်းကိစ္စပြုပြီးနောက်၊ ကာလအတော်ကြာသောအခါ ကျွန်ုပ်၏အိမ်ထောင်မှုကိစ္စများကို ထိန်းသိမ်းကြည့်ရှုနိုင်မည့်သူကို ရှာဖွေကြည့်ရှုရာ မမကြီးသည် ဗုဒ္ဓဘာသာဖြစ်သော်လည်း အိမ်ထောင်မှုကို ထိန်းသိမ်းနိုင်မည့်လက္ခဏာရှိ၍ သူနှင့် ပင်ထိမ်းမြား၍ နောက်မှတဖြည်းဖြည်း ခရစ်ယာန်ဘာသာဘက်သို့ ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကြောင့် အပါဆွဲယူတော့မည်ဟု သဘောထားပြီးလျှင် ထိမ်းမြားလက်ထပ်လိုက်လေသည်။

မမကြီးသည် ကျွန်ုပ်ထင်သလောက် သဘော လွယ်ကူသည်မဟုတ်။ အခြားသောအရာ၌ ကျွန်ုပ်၏သဘောကို လိုက်စား၍ ပြုလုပ်တတ်သော်လည်း ခရစ်ယာန်ဘာသာကို ကျွန်ုပ်က ဟောပြောလျှင် သူကလည်း ပြန်၍ သူ၏ဗုဒ္ဓဘာသာတရားကို ဟောပြောလေသောကြောင့် စိတ်ခွာကိုယ်ပေါင်း တာရှည်စွာ အသင့်အတင့်နေနိုင်ရန် ကျွန်ုပ်ကပင် လက်လျှော့၍ ကတိစကား တစ်ဦးနှင့်တစ်ဦး ထားကြသည်မှာ *"တစ်ဦး၏ဘာသာကို တစ်ဦးက မနှောင့်ယှက်စတမ်း၊ တစ်ဦး၏ဘာသာနှင့်စပ်ဆိုင်၍ အလှူအဒါန်းပြုလုပ်ခဲ့လျှင် တစ်ဦးက လျစ်လျှူရှုစတမ်း"* စသည်ဖြင့် နှစ်ဦးနှစ်ဘက် သင့်တင့်ရန် စီမံထားကြလေသည်။

ထိုနေ့ကစ၍ ကျွန်ုပ်သည် သူ့ကို အတိအလင်း မဟောမပြောသော်လည်း ထာဝရဘုရားသခင်၏ထံတော်မှာ သူ၏အတွက်နှင့် ကျွန်ုပ်ဖခင်၏အတွက်များကို ဆုတောင်းလျက် နေ့စဉ်မပြတ် ရှိနေပါသည်ကို ဆရာဟေးလကလည်း မကြာမကြာ စာပေး၍ သင်၏မိန်းမသည် ခရစ်ယာန်ဖြစ်ပြီလား၊ နှစ်ခြင်းမဂ်လာခံယူရန်စိတ်ရှိပြီလားဟု စာရေး၍မေး

E-book is created by **www.shanyoma.org**

မြန်းသည်ကတဖက်၊ မိတ္ထီလာနယ်မှာ မိုယ်းလေဝဿ ခေါင်းပါးခြင်းကြောင့် ငတ်မွတ်ရှားပါးခြင်းနှင့် စပ်ဆိုင်သောအလုပ်များသည်က တစ်ဌာန၊ အလွန်စိတ်ညစ်သဖြင့် ဆရာဟေးလထံ ပြန်ကြားစာ ရေးလိုက်သည်မှာ-

*"ဆရာကြီးခင်ဗျား၊ ကျွန်တော်၏မိန်းမသည် ခရစ်ယာန်ဖြစ်၍ နှစ်ခြင်းခံယူပြီးသည်နောက်မှ စာရေးပေးပါရစေတော့၊ ယခုမှာ သူသည် ကျွန်ုပ်တို့၏သိုးစုထဲသို့ဝင်ရန် သဘောမရှိသေးပါ။ သူ ယုံကြည်သော သူ၏ရှင်ဂေါတမဘုရားကို သူအလွန်ရိုသေသည်၊ ဆရာကလည်း ဆုတောင်းပါ။ သူ၏လက္ခဏာမှာ ရှုတ်တရက် ရှောင်တခင် ပြောင်းလဲနိုင်မည် မထင်ပါ"*စသည်ဖြင့် ရေးသားပေးပို့လိုက်ခြင်းဖြင့် ဆရာဟေးလထံမှ နှောင့်ယှက်ခြင်းသက်သာသော်လည်း ကျွန်ုပ် အလကားမနေ၊ နေ့စဉ် မမကြီး ခရစ်ယာန်ဖြစ်ဘို့ ထာဝရဘုရားထံမှာ ဆုတောင်းလျက် နေလေသည်။

တခါတရံ အဆင်သင့်သည့်အခါ မမကြီး ကြားနိုင်လောက်သော နေရာက ကျွန်ုပ်တို့ ကိုးကွယ်သော သခင်ယေရှုခရစ်သည် လူတို့၏အတွက် လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံတော်မူ၍ ထိုသခင်၏အသွေးတော် သွန်းလောင်းခြင်းအားဖြင့် ကျွန်ုပ်တို့အပြစ်မှ လွတ်ကင်းကြောင်းကို ရိပ်မိစေလို၍ အောက်ပါသီချင်းကို သီဆိုလေသည်။

(၁) အို. . . သင့်အပြစ်များတွက်တာကြောင့် မဟုတ်လျှင်။

(၂) ကိုယ်တော်ဘယ့်ကြောင့် တိုင်ပေါ်ခံမည်နည်း။

(၃)သေခံတော်မူခြင်း၊ သင့်ပြစ်ကြွေးမဆပ်လျှင်။

(၄)နံဘေးမှသွေး ဘယ့်ကြောင့်စီးသနည်း။

မမကြီးသည် ဤသို့သော သီချင်းသံကို ကြားလျှင် ဦးခေါင်းကိုငြိမ့်လျက် ပြုံးရယ်ကာနေလေသောကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ ငါသည် အနည်းနည်းဖြင့် သွေးဆောင်ခြင်းပြုသော်လည်း မတုန်မလှုပ်နေသည်မှာ ထာဝရဘုရားသခင်သည် မမကြီးကို ငါကဲ့သို့ပင် လက်လျှော့လေသလား ဟု ထင်မိလေသည်။

ယောနယ် ဂန့်ဂေါမြို့သို့ ရွှေပြောင်းခြင်းအကြောင်း

၁၈၉၈-ခုနှစ်တွင် ကျွန်ုပ်သည် နယ်ပိုင်ဝန်ထောက်အလုပ်နှင့်ပင် ပခုက္ကူဒီစတြိတ်၊ ယောနယ် ဂန့်ဂေါမြို့သို့ ရွှေ့ပြောင်းထမ်းရွက်ရသည်။

ဂန့်ဂေါမြို့သည် ပခုက္ကူမြို့က ၁၄၂-မိုင်ကွာဝေးသော တောင်ပေါ်ခရီးလမ်းဖြစ်၍ လှည်းနှင့်သွားလျှင် (၁၀)ရက် (၁၁)ရက်လောက် သွားရသည်။

တောင်ပေါ်ခရီးဆိုသော်လည်း အတော်အတန် ကြီးမားသော တောင်မှာ ပုံတောင် ပုံညာဟူ၍ တောင်နှစ်လုံးသာလျှင်ရှိ၏။ ကျန်သောတောင်များမှာ မဆိုစလောက်ပေ။

ပုံတောင်ခေါ်တောင်၏ထိပ်နားလောက်တွင် မြင့်မောက်သော တောင်ကမ်းပါးရံမှာ ကျောက်လုံးကြီးများရှိကြ၏။ ထိုကျောက်လုံးကြီးများကို ဖောက်ခွဲပြီးလျှင် ဟင်းလင်းပြင် တောင်နှုတ်ခမ်းကို သီတန်း၍ ကြောက်ခမန်းလိလိ လှည်းလမ်းပြုလုပ်၍ထားသောနေရာကို လွမ်းတောင် ဟု ခေါ်ကြလေသည်။

အဘယ့်ကြောင့် ခေါ်ပါသနည်းဆိုသော် ဤရပ်ကွက်က အရှေ့ဘက်သို့ မျက်နှာမူ၍ တောအထပ်ထပ်တို့ကို ကျော်လျက် ဧရာဝတီမြစ်မ ရှိရာသို့ ကြည့်လိုက်လျှင် မြစ်မ၏သဏ္ဌာန်မှာ ဖြူဖွေးသော ချောင်းငယ်လောက် ကောက်ကောက်ကွေ့ကွေ့ရှိသဖြင့် လယ်ယာကိုင်းကျွန်း၊

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သစ်ပင်ကြီးငယ်အသွယ်သွယ်တို့မှာ အချို့သောနေရာက ညို့ညို့မှိုင်းမှိုင်း အချို့မှာ လဟာပြင် အချို့တွင် စိမ်းစိုစို၊ အချို့ကား ဝါဖြော့ဖြော့ အရောင်တို့ဖြင့် မှိုင်းရီ မှောင်ယှက်သန်းလျက် လွမ်းဆွတ်စဖွယ်မြင်ရ သည့်ပြင် မိမိရပ်နား၍နေသော ဒေသ၏ပတ်ဝန်းကျင်မှာလည်း ဝါးရုံ သစ်တောစသည်ဖြင့် ထူထပ်ပိတ်ဆီးလျက် ကြက်သီးထခမန်း ဆိတ်ငြိမ် လေရာ အလွန်ချစ်လှစွာသော သားမယားတို့ကို ခွဲခွာ၍ မလွဲစသာ လာ ကြရသောသူတို့သည် အူ,သဲလှိုက်ဖို ငိုတတ်သောကြောင့် လွမ်းတောင်ဟု သမုတ်ကြလေသည်။ ဤအရပ်က ၆-ရက်လောက် သွားမှ ဂန့်ဂေါမြို့သို့ ဆိုက်ရောက်သည်။

ဂန့်ဂေါအရပ်သည် အလွန်ဖျားတတ်သည်ဖြစ်၍ အစိုးရအရာရှိ များမှာ မိုယ်းအခါ၌ နယ်လှည့်မသွားရဘဲ အိမ်မှာ ငြိမ်ဝပ်စွာနေရန် အခွင့်ပြုထားသည်။ ဤမြို့မှာ စျေးရုံ စျေးတန်းဟူ၍မရှိ၊ အစိုးရက စျေးရုံဆောက်ပေးသော်လည်း အသုံးမပြုကြ။

ကြက်သတ္တဝါတို့မှာ အလွန်ပေါများ၍ ငွေဒဂ်ီးတစ်ကျပ်ပေးလျှင် ၉-ကောင်, ၁၀-ကောင်ရသည်။ ကျွန်ုပ်၏စိတ်ကြိုက်နှင့်အလိုက်သင့် တွေ့ရကား၊ ကြက်များစွာကိုဝယ်၍ ခြံကြီးနှင့်လှောင်ထားပြီးလျှင် ပါဏာ တိပါတကံသည် လူကိုသတ်မှုဖြစ်သည်ဟု ကျွန်ုပ်က ဟောပြောသော တရားကို နှစ်သက်သဘောကျသူ ယောသားရှင်အောင်မြတ်ကို ကြက် ထောင်မှူးခန့်ထားလိုက်သည်။

ကျွန်ုပ်ဂန့်ဂေါမှာ နေသည့်အတွင်း ရှင်အောင်မြတ်သည် အား လပ်ခွင့် ဘယ်တော့မျှ မရချေ။

ဂန့်ဂေါနယ်မှာ ယောလူမျိုး, တောင်သားလူမျိုး, ချင်းလူမျိုးဟူ၍ သုံးမျိုးရှိကြရာ ယောလူမျိုးက အများဆုံးဖြစ်သည်။

ယောလူမျိုးများမှာ တစ်ဦးကို တစ်ဦးက စုန်းဟူ၍ ထင်မှတ်ကြသဖြင့် လူသေလျှင်စုန်းပြုစား၍ သေသည်ဟုသာ ထင်မှတ်တတ်ကြသည့်အတွက် ယောနယ်မှာ စုန်းပေါသည်ဟု ပြောစမှတ်ပြုကြ၏။ စင်စစ်သော်ကား စုန်းအတတ်ကို တတ်သောသူ အလွန်နည်းကြောင်း ကျွန်ုပ်သေချာစွာ စုံစမ်း၍ သိရှိရသည်။

ယောအရပ်၌သာ စုန်းတို့, နတ်တို့, မန္တာန်တို့ အစရှိသည်တို့ကို အယူရှိကြသည် မဟုတ်ပေ၊ အရပ်ရပ်သော တိုင်းနိုင်ငံတို့မှာပင် အယူရှိကြ၏။ ဥရောပတိုက်မှာလည်း ထိုအယူမလွတ်ကင်းပေ။

စုန်းတို့, နတ်ဆိုးတို့၏အကြောင်း ခရစ်ယာန်တို့၏သမ္မာကျမ်းစာ၌ ပါရှိသည့်အပြင် အခြားသောစာအုပ်တို့၌ စုန်း, နတ်, တစ္ဆေအကြောင်းမှစ၍ စတိလုပ်ပုံ, ယတြာပြုပုံ, ဓာတ်ပြန်ရိုက်ပုံနှင့် အလားတူဖြစ်သောနည်းများ၊ ပဠုပွတ်၊ ဆပွတ်၊ ရက်ပုပ်၊ ရက်ရာဇာရွှေးသောနည်းများနှင့် အလားတူနည်းများရေးသား ပါရှိလေသည်။ ထို့ပြင် မျက်နှာပွင့်ဆေးများ လုပ်နည်းကိုင်နည်းမှ စသောအကြောင်းများ ပါရှိသောစာအုပ်များလည်း ရှိရာ ဥရောပတိုက်အရပ်ရပ်သော မြို့ရွာတို့၌ ယုံကြည်ထင်မှတ်ကြကြောင်းများစွာထင်ရှားလေ၏။

(ဤအကြောင်းကို ရေးခြင်း၌ ကျွန်ုပ်ယုံကြည်၍ဖြစ်စေ၊ သူတစ်ပါးအား ယုံကြည်စေလို၍ဖြစ်စေ ရေးသားသည်မဟုတ်၊ သို့သော်လည်း လောက၌ မြန်မာလူမျိုးများသာမဟုတ် အရပ်ရပ်သောလူမျိုးများလည်း အယုံအကြည်ရှိကြကြောင်းပြလို၍ ရေးလိုက်သည်။)

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ထီးလင်းမြို့ဗိုလ်တဲတွင် စိတ်ထဲ၌ ဒွိဟာဖြစ်ခြင်းအကြောင်း

တနေ့သ၌ ဝတ္ထုရားရှိသည်အတိုင်း ထီးလင်းမြို့သို့ နယ်လှည့်သွား၍ ဗိုလ်တဲပေါ်မှာ ထိုင်နေစဉ်၊ မနီးမဝေးသော ပုလိပ်ဂါတ်တန်းက ကလေးငိုသံကို ပြင်းပြစွာ ကြားရသဖြင့် မြို့အုပ်မင်းနှင့် ရာဇဝတ်အုပ်တို့လည်း အနားကရှိသည်နှင့်အကြောင်းကို မေးမြန်းရာ ရာဇဝတ်အုပ်က ပြန်ပြောသည်မှာ ၎င်းကလေး၏အမိသည် ကလေးကို မျက်နှာမြင်ပြီးနောက် ၁၅-ရက်လောက်မှာ သေဆုံးကြောင်း၊ ကလေး၏အဘသည်လည်း ပခုက္ကူမြို့ပုလိပ်ကျောင်းသို့သွားရာ ယခုမပြန်ရသေး၍ ဂါတ်တန်းမှာ ရှိကြသော မိန်းမများက တတ်နိုင်သလောက် ကြည့်ရှုကြရာ နို့မဝသည်နှင့်ငိုယိုနေကြောင်း ပြောပြသောအခါ ကျွန်ုပ်၏စိတ်၌ ဖြစ်ပေါ်လာသည်မှာ-

"ငါတို့၏သမ္မာကျမ်းစာ၌ ထာဝရဘုရားသခင်သည် လူကို ဖန်ဆင်းကြောင်း၊ လူတို့၏သေခြင်းမှာလည်း ထာဝရဘုရားသခင်က ခေါ်တော်မူကြောင်း ထို့ပြင် သခင်ယေရှုခရစ်သည် ဤလောကသို့ လူ၏သဏ္ဌာန်ကိုယူ၍ ကြွလာတော်မူသောအခါကလည်း ကလေးသူငယ်များကို မျှားစွာကရုဏာရှိကြောင်း၊ ကရုဏာရှိရန်ကိုလည်း ဟောပြောသည်ဖြစ်ပါလျက် ထာဝရဘုရားသခင်ကသော်၎င်း၊ သားတော်မြတ်ကသော်၎င်း၊ သန့်ရှင်းသောဝိညာဏ်တော်ကသော်၎င်း၊ ဤကလေး၏ဒုက္ခကို မကယ်ကြပါတကား။ ထာဝရဘုရားက ကလေး၏မိခင်သည် လောကီသားဖြစ်၍ ခေါ်တော်မမူဘူးဆိုပြန်လျှင်လည်း၊ လူတို့၏အသက်ရှင်ခြင်းနှင့် သေခြင်းသည် ထာဝရဘုရား၏လက်တော်၌ ရှိသည်ဖြစ်၍ ကတိတော်အတိုင်း ကလေးများကို သနားတော်မူပါလျှင် ကလေးလူလားမြောက်အောင် ၎င်းအမိကို ထားသင့်သည်။ ၎င်းအမိကို အလိုတော်ရှိ၍ ခေါ်တော်မူပါလျှင်လည်း ၎င်း၏အဘ ပခုက္ကူက ပြန်ရောက်အောင်ဆိုင်းသင့်

သည်။ ထာဝရဘုရားဟူသောပုဂ္ဂိုလ်သည် အမှန်ပင် မရှိလို့လား၊ ငါတို့ ကျောင်းတက်၍သီချင်းဆိုရာ၌-

သူတို့ ငှဲထံ လာပါလေစေ။

ယေရှုခရစ်သည် မိန့်တော်မူပေ။

ဟူ၍ဆိုသောသီချင်းသည် အလကားလုပ်၍ထားသောအရာ ဖြစ်သလား။ ဗုဒ္ဓဘာသာက ဟောပြောသော ဖြစ်တတ်-ပျက်တတ်သော သဒ်ါရသဘောတရားဟု ဆိုသောစကားကပင် မှန်လိမ့်မည်လော” တွေး တောမိသော်လည်း တပည့်တော်အချင်းချင်း ဆွေးနွေးရန်မရှိ၍ မပြောဘဲ နေရလေသည်။ (ခရစ်ယာန်တို့သည် မိမိတို့၏အချင်းချင်းကို တပည့်တော် ဟုခေါ်ကြ၍ အခြားလူများကိုကား လောကီလူသားဟု ခေါ်တတ်ကြ သည်။)

ခရစ်ယာန်များ သေသည့်အခါ ထာဝရဘုရားသခင် ခေါ်တော်မူ သည်ဟု ထင်တတ်ကြ၏။

“တစ်ယောက်နောက် တစ်ယောက် ကိုယ်တော်ခေါ်မူလျှင်” အစ ရှိသော သီချင်းနှင့် *“ဘေးမဲ့ယေရှုရင်ခွင်၌”* အစရှိသောသီချင်းတို့ကို ထောက်လေ။ ဤသို့တခဏမျှ စိတ်ဒွိဟဖြစ်သော်လည်း ပြေပျောက်၍ ထာဝရဘုရားကို စိတ်အားထက်သန်စွာနှင့်ဆည်းကပ်ကိုးကွယ်မြဲ ကိုးကွယ် လေသည်။

ထီးလင်းက ဂန့်ဂေါသို့ပြန်လာရာ တောင်သားများနေထိုင်သော ရွှေခုံတိုင်ရွာနားသို့ သီ၍သွားရသည်။ တောင်သားလူမျိုးတို့သည် မသာ များကို မီးသဂြိုဟ်သောထုံးစံအတိုင်း ထိုရွာနားသို့ ကျွန်ုပ်တို့ ရောက် သည့်အခါ လမ်းနှင့်မနီးမဝေးတွင် ယခုပင် မီးသဂြိုဟ်၍ပြီးသော အရိုးနှင့် ပြာပုံ၏အနား၌ တံစူးဝါးတို့ကို မြင်လေလျှင် ကျွန်ုပ်သည် ရပ်တန့်၍ကြည့်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

နေခိုက် ရှေးကထင်မြင်ဖူးသော အရိုးစုကမ္မဋ္ဌာန်းသည် အာရုံ၌ ထင်လာ၏။

ထို့နောက် ကိုယ့်ကိုယ်ကို ခရစ်ယာန်ဖြစ်ကြောင်း မဆင်ခြင်မိဘဲ မေ့လျော့ပြီးလျှင် အထက်က ရဖူးသော ကမ္မဋ္ဌာန်းကို နှုတ်က မြွက်ဆို ရေရွတ်မိသည်မှာ-

"မီးလောင်တိုက်ထဲ၊ တံစူးစွဲလျက်၊ ညှဉ်းဆဲရမြိုက်၊ မီးပြင်းတိုက်၍၊ ဆိုက်ဆိုက် သဂြိုဟ်၊ ငါ၏ကိုယ်သည်၊ အိုအိုအနိစ္စ၊ သခ်ါရဟု၊ ကြေမွပျက်ဆွေး၊ မီးသွေးနှင့်ပြာ၊ များစွာသဘော၊ အရောရောကို၊ တွေးတောသမှု၊ ဆင်ခြင်ရှုသော်၊ တခုမမြဲ၊ သံသာဝဲ၌၊ ဖြစ်မြဲမုချ၊ စိုးမရသည်၊ အနိစ္စဟူသည်၊ ခန္ဓာကိုယ်"။

ဤကမ္မဋ္ဌာန်းကို ယခုတစ်ကြိမ်ရွတ်ရခြင်းသည် အထက်ထက်ကရွတ်ရသည်နှင့်မတူ၊ ကွက်ကွက်ကွင်းကွင်း ဉာဏ်အားထင်လာသဖြင့် မြင်းကို မောင်းနှင်၍ ခရီးဆက်လက်သွားသော်လည်း စိတ်၌ ပျော်ရွှင်ခြင်း များစွာမရှိ၊ စကားလည်း မပြောမဆိုလို။ လူတို့၏မမြဲသောအဖြစ်ကိုသာလျှင် စဉ်းစား၍ မာနထောင်လွှားမကောင်းမှုတို့ကို ပြုတတ်သော လူတို့သည် မီးရှို့ခြင်းကိုသော်၎င်း၊ မြေ၌မြှုပ်နှံခြင်း၊ ပိုးလောက်တို့၏အစာဖြစ်ခြင်းသို့၎င်း ရောက်ရန် တနေ့ထက်တနေ့ နီးကပ်၍ လာကြသည်ကိုမျှဂရုမထားကြပါတကားဟု တွေးတောပြီးလျှင် ထာဝရဘုရားနှင့်သခ်ါရတရားတို့ လုငြင်းကြရာ၊ ထာဝရဘုရား မဖန်ဆင်းဘဲ လူမဖြစ်နိုင်ဟု စူးစိုက်လျက် ရှိနေသော သဘောက အားကြီးခြင်းကြောင့် သခ်ါတရားက အရှုံးပေးရလေသည်။

သုံးဆယ်မြို့ ဆရာကြီးက ရှင်ကြီးဂေါတမသည် သူမပိုင်သောကြောင့် အသက်များကို မသတ်ရဟု ပြောရရှာသည်။ ကျွန်ုပ်တို့ ဘုရားကဖြင့် မောင်ရေ့- ဖန်ဆင်းနိုင်၍ သတ်ဖြတ်စားရန် အခွင့်ပေးထားကြောင်း ပြောသည့်စကားသည် ကျွန်ုပ်၏စိတ်၌ စွဲမြဲလျက်နေလေသည်။

မမကြီး၏မေတ္တာကြောင့် ငှက်သတ္တဝါများ

အသက်ဘေးမှ ချမ်းသာခြင်း

ယောအရပ်သည် ဆောင်းဥတုအခါ ကျရောက်လျှင် တောတောင်ကုန်းတန်းရှိရိုးတို့သည် အလွန်သာယာ၍ တောကြက် တောငှက်မှစ၍ တောတိရစ္ဆာန်များ အလွန်ပေါများသောကြောင့် သေနတ်ပစ်ဝါသနာပါသောသူတို့ အလွန်ပျော်မွေ့ဖွယ် ကောင်းလေသည်။

ကျွန်ုပ်သည်လည်း သေနတ်ပစ်ဝါသနာ ပါသောသူဖြစ်၍ နံနက်တိုင်းလှည့်လည်၍ ပစ်ခတ်သည်သာမက နယ်လှည့်သွားသည့်အခါတို့၌ ယမ်းတောင့်များစွာကို ယူသွားလေ့ရှိ၏။

ဂန့်ဂေါမြို့က ခရီး ၆၈-မိုင်ကွာဝေးသောအရပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိရာ ထိုညောင်ပင်ကြီးပေါ်မှာ ဆောင်းကာလအခါ နံနက်နေစာလှုံ၍ နေကြသောငူငှက်ဟု အများခေါ်ကြသော မယ်ဇက်ငှက်အများအပြား ရှိတတ်သည်။

ထိုညောင်ပင်သို့ နံနက်(၉)နာရီခန့်အချိန် နယ်လှည့်ရာကအပြန် ကျွန်ုပ်တို့ ရောက်သောအခါ များစွာသောငှက်တို့သည် အချို့ကား အိပ်လျက်၊ အချို့ကား ညောင်ကိုင်းပေါ်မှာ ငြိမ်သက်စွာ နားလျက်နေသည်ကို ကျွန်ုပ်မြင်လေလျှင် တခါတည်း လှည်းပေါ်က ခုန် ဆင်း၍ ပစ်မည်လုပ်ရာ မမကြီးကလည်း လှည်းပေါ်မှာပါလာသဖြင့် အတန်တန်တားသော်လည်း မနေ၊ ငါတို့၏ထာဝရဘုရားက ငါတို့စားရန် ဖန်ဆင်း၍ထားသော အသီးဟင်းရွက်ကလေးများအတွက် မင်းက သည်ကလောက် အရေးမပြုပါနှင့်ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။ ထိုအခါ မမကြီးက တား၍မရလျှင် ပစ်ပါတော့။ သို့သော်လည်း ထိုသနားစရာကောင်း၍ ပျော်ပါးစွာနေသောငှက်များအတွက် ပရိတ်မေတ္တာပြု၍ ဆုတောင်းပါရစေဦးဟု ဆိုပြီးလျှင်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သူဆုတောင်း၍နေခိုက် ကျွန်ုပ်သည် အတော်ပင် သည်းခံလျက် စောင့်ဆိုင်းနေရသည်။

သူဆုတောင်း၍ပြီးသည်နှင့်တပြိုင်နက် နံပါတ်၄ စရိတ်များစွာ ထည့်၍ထားသော ယမ်းတောင့်ကို သေနတ်ထဲသို့ သွတ်သွင်းပြီးလျှင် ဆုတောင်းမေတ္တာပြုသောသူအား သည်တခါ ငှက်သား ဝအောင် ကျွေးတော့မည်ဟု စိတ်ထဲကကြံ၍ အနိမ့်ဆုံးအကိုင်းပေါ်မှာ စု၍ နားနေကြသော ငှက်တို့ကို ချိန်ရွယ်ပြီးလျှင် ပစ်လိုက်လေသည်။ ငှက်များနားသော ညောင်ကိုင်းညောင်ရွက်တို့သည် ကြေမွကျိုးပဲ့၍ အပိုင်းအပိုင်း ပြတ်၍ကျသော်လည်း ငှက်တကောင်မျှ မကျသည်နှင့် ငှက်များသည် ဒဏ်ရာရလျက် မသေဘဲ ပျံသွားကြသည်အထင်နှင့် ညောင်ပင်အောက်တလင်းပြင်နှင့်အနီးအနားရှိ သစ်ပင်အောက်တို့မှာ လိုက်လံရှာဖွေရာ သွေးပေါက်သွေးစ တစ်စက်မျှ မတွေ့သည့်ပြင်၊ ငှက်မွေး ငှက်တောင် တစ်ပင်မျှ ရှာမရသောကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်အနားက ငှက်ကောက်ရန် စောင့်နေကြသော ယောသားပြာတာများပါ အံ့သြခြင်း ဖြစ်ကြလေသည်။ ကျွန်ုပ်သည် သေနတ်ပစ်ခြင်းအတတ်၌ တဘက်ကမ်းမခတ်သော်လည်း အတော်အတန် အလေ့အကျင့်ရှိခြင်းကြောင့် ခါတိုင်းသောနေ့တို့၌ အလွန်မြင့်မောက်သော သစ်ပင်များမှာ နား၍နေသော တကောင်တည်းသော ငှက်ကိုပင် ထိမှန်ဖူးသည်မှာ များလှပြီ။ ယခု ငှက်တစ်ကောင်မျှ မကျသည်မှာ ဗုဒ္ဓဘာသာပရိတ်မေတ္တာဘာဝနာသည် အတော်ပင် စူးရှပါ၏တကားဟု စိတ်ထဲ၌သာ မှတ်ယူထားလိုက်ရပါသည်။

သနားစရာကောင်းသော မောက်တင်ငှက်၏အကြောင်း

မိုယ်းဥတုအခါ ဂန့်ဂေါမြို့၏အရှေ့ဘက်နားလယ်ကွက်များ၌ ရေများစွာ ရှိတတ်သည်။ ထိုရေကွက်များထည်းမှာ အစာရှာစား ပျော်မြူးရန် မောက်တင်ခေါ် ရေဝမ်းဘဲတို့ လာတတ်ကြ၏။ ၎င်း၏သဏ္ဌာန်မှာ ဟသ်ာလောက်ရှိ၍ အမွှေးအတောင်တို့မှာ အတော်အတန်ပင် လှပသဖြင့်

နှုတ်သီးရင်းနားမှာ ဂုံညင်းသဏ္ဌာန် ဝိုင်းစက်၍ မာကြောသော အမောက်ရှိသည်။

တနေ့သ၌ ယောသားရှင်ကျော်လှဆိုသူသည် ကျွန်ုပ်တို့စားရန်အတွက် ၎င်းဝမ်းဘဲများကို သွား၍ပစ်ရာ ဝမ်းဘဲတစ်ကောင်ကို သေနတ်ထိမှန်လေ၏။ ကျန်ရှိသော အဖေါ်နှစ်ကောင်တို့သည် ထွက်၍မပြေးဘဲ ဒဏ်ရာရရှိသော ဝမ်းဘဲကို အတောင်တို့ဖြင့် ထူမ၍နေကြသည်ကို ရှင်ကျော်လှက ထပ်မံပစ်မည်ပြုရာ ကျွန်ုပ်က အဝေးမှမြင်သဖြင့် အမှတ်သညာပေး၍ မပစ်ရန် တားမြစ်လိုက်သည်။

ထို့နောက် ဒဏ်ရာရရှိသောဝမ်းဘဲ သေသောကြောင့် အိမ်သို့ယူလာသည်ကို အဖေါ်နှစ်ကောင်တို့သည် ကောင်းကင်က ပျံဝဲလျက်သနားစဖွယ် ဟစ်အော်၍ အိမ်နားသို့ အရောက်လိုက်လာကြလေသည်။

ထိုအခြင်းအရာကိုမြင်လျှင် ကျွန်ုပ်၏စိတ်ထဲ၌ ပေါ်လာသည်မှာ ရွှေကျင်မြို့အပိုင် ဘောကထာခေါ် ရွာငယ်တခုတွင် ညဉ့်သန်းခေါင်အချိန်လောက်၌ ရင်ပတ်နာ၍ မီးလှုံရန် မီးဖိုဆောင်သို့သွားသော မိန်းမတယောက်ကို ကျားတစ်ကောင်သည် ခိုယူ၍ အိမ်နှင့် မနီးမဝေးတွင် ကြွက်ကို ကြောင်များ ကစားသည့်နည်းတူ ကစားနေသည့်အခါ ထိုမိန်းမက ဟစ်အော်၍ မိမိမသေသေးပါ လာ၍ကယ်ပါဟု လင်ဖြစ်သူကို ပြောသော်လည်း မိုက်ရိုင်း ရက်စက်သော လင်ယောကျ်ားက သနားကရုဏာမသက်သက့ဲသို့ အိမ်ထက်၌သာ တိတ်ဆိတ်စွာ ပုန်းကွယ်နေလေသဖြင့် တအော်အော်နှင့်တောနက်သို့ ထိုမိန်းမပါရှာရလေသည်။ ဤမောက်တင်တို့မှာ တိရစ္ဆာန်ဖြစ်ပါလျက် ရန်သူကြီး၏ ရှေ့မှောက်၌ မကြောက်မရွံ့ စွန့်စွန့်စားစား ပြုလုပ်သည်မှာ ထိုထိမှန်သော မောက်တင်နှင့်မည်သို့ တော်စပ်သည် မသိ၊ မိမိတို့၏အသက်ကို မင့်ကွက်ဘဲ ရဲစွမ်းသတ္တိရှိ၏တကားဟု အလွန်သနားသဖြင့် ၎င်း၏အသားကို မစားသည့်ပြင် ငါ၏ဘုရား ဖန်ဆင်းသော ဟင်းရွက်ဟင်းသီးပင်ဖြစ်သော်လည်း၊ နောင် ဤငှက်မျိုးကို ဘယ်တော့မှ မပစ်ရဟု တားမြစ်လိုက်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပြီးနောက် အသီတိနိပါတ် မဟာဟံသ ဇာတ်ကို ဖတ်ရှုတွေ့ မြင်ရသည်မှာ-

"ဘုရားအလောင်း ရွှေဟင်္သာမင်းသည် ခေမာမုဆိုးထောင်သော ကြော့ကွင်း၌ မိ၍ ဆင်းရဲကျင်နာစွာလျောင်းလျက်နေသည်ကို မြင်သော ရှင်အာနန္ဒာအလောင်းဖြစ်သော ဟင်္သာစစ်သူကြီးသုမုခသည် မုဆိုးကို မကြောက်ရွံ့ မိမိ၏အရှင်ဖြစ်သော ရွှေဟင်္သာမင်းအပါးက မခွာဘဲ ရဲရင့်တည်ကြည်သောစိတ်နှင့်နေလေသည်"။

အလွန်သိမ်မွေ့သောတရားတော်ကို ယုံကြည်၍ ဗုဒ္ဓဘာသာဖြစ် ပါလျက် သေနတ်ပစ်ဝါသနာပါကြသောသူများသည် ဤအကြောင်းကို ဖတ်လျှင် သနားကရုဏာရှိစေရန် အကြောင်း၊ ထို့ပြင် လောက၌ ဒုက္ခနှင့် တွေ့ကြုံဆုံမိသော်လည်း အဆွေခင်ပွန်းကို မစွန့်ပြစ်သင့်ကြောင်းများကို သတိတရား ရကြပေလိမ့်မည်ဟု မြော်လင့်၍နေသည်။

သည်းထန်စွာဖျား၍ ဆုတောင်းခြင်း

ဂန့်ဂေါမှာ ၂-နှစ်ကျော်ကြာသောအခါ ကျွန်ုပ်သည် တနေ့သ၌ နံနက် ငှက်ပစ်ရာက ပြန်လာလျှင် အသည်းအသန်ဖျားရာ ၂၇-ရက်တို့ ပတ်လုံး အဖျားမကျဘဲ သွေးဒီဂရီ ၁၀၃-မှသည် ၁၀၅-အထိ ဆုတ် လိုက်တက်လိုက်သာ နေလေသည်။

ထိုအခါ ဆေးရုံလက်ထောက် ကုလားဆရာဝန်ကလေးက ကျွန်ုပ်၌ စွဲကပ်သောအဖျားသည် အင်္ဂလိပ်ဘာသာအားဖြင့် တိုက်ဖွိုက် ခေါ်ကြောင်း၊ ၎င်းအဖျားကို အကုရခက်ကြောင်း စသည်ဖြင့် ကျွန်ုပ် ကျန်းမာဦးမည်ကို မြော်လင့်ရန် မရှိကြောင်း စကားရိပ်ပေးသဖြင့် ကျွန်ုပ် ၏စိတ်က အကြံဖြစ်သည်မှာ *"ငါသည် အကယ်သေအံ့၊ ငါယခု ယုံကြည် သော ဘာသာသည် မှန်လျှင်ကောင်းပေမည်၊ မမှန်ဘဲ တိမ်းလွဲခဲ့သော် ငရဲဘေးနှင့်ကင်းလွတ်ဖို့အခက်ပါတကားဟု အောက်မေ့မိလေသည်။"*

ဤသို့ဖြစ်နေစဉ်ပင် အစာအာဟာရကလည်း မဝင်၊ ၂၇-ရက်တို့ပတ်လုံး မအိပ်ရသည်က တခြား၊ ထို့ကြောင့် အလွန်အားနဲလျက် ရင်ဝမှာ မီးနှင့်ရှို့သကဲ့သို့ မခံမရပ်နိုင်အောင် ပူလောင်ရာ၊ ငါသည် နံနက်မလင်းမီ သေရတော့မည်ဧကန်ဘဲဟု စိတ်ထဲ၌ ဖြစ်နေသည်တွင် မမကြီးက ပြောသည်မှာ ကုလားဆရာပင် လက်လွှတ်သော်လည်း မြန်မာဆရာကောင်းများလည်း ရှိပေလိမ့်မည် မြန်မာဆေးကို စားပါဟု ပြောဆိုတောင်းပန်လျှင် မြန်မာဆေးကို ယုံကြည်ခြင်း မရှိသော်လည်း အားနာ၍ သဘောတူလိုက်ရလေသည်။

ထိုအခါ ဦးရဲအောင်ဆိုသူ အသက် (၇၀)အရွယ်ရှိ ဆရာကြီးကို ပင့်၍ရောက်လာလျှင် သူ၏ဆေးကိုမစားမီ သူ၏သတ္တိကို သိလို၍ ဆရာကြီး ကျွန်တော်၏ရင်ဝကအပူကို အေးအောင်တတ်နိုင်ပါမည်လားဟု မေးလိုက်သောအခါ ဆရာကြီးက ချက်ချင်းပင် တတ်နိုင်ကြောင်း ရဲရဲတင်းတင်းပြောသည်နှင့် သူ၏ဆေးကို သောက်လိုက်သည်။ ဆေးသောက်ပြီးနောက် ငါးမိနစ်ခန့်တွင် ရင်ဝက အပူသည် အေး၍ အတော်အတန် သက်သာခွင့်ရသော်လည်း ၂၇-ရက် မအိပ်ရသည်နှင့် လူတို့၏ ဉာဏ်ဖြင့်ပြုသော်လည်း ဆယ့်ငါးမိနစ်ခန့်မျှ အိပ်မပျော်၊ ထာဝရဘုရားသခင်ထံမှာ အတန်တန် ဆုတောင်းသော်လည်း အကျိုးမပေါ်သောကြောင့် ကျွန်ုပ်၏ဇနီးမမကြီးကို ကျွန်ုပ်က *"ငါ ဆယ့်ငါးမိနစ်ခန့်မျှ အိပ်ရအောင် မင်းတို့ကိုးကွယ်သည့်ရှင်ဂေါတမဘုရားထံ ဆုတောင်း၍ ပေးနိုင်ပါမည်လား"*ဟုမေးသောအခါ၊ မမကြီးက အကယ်၍ သူဆုတောင်းသည့်အတိုင်း အိပ်ခွင့်ရပါလျှင် ဗုဒ္ဓဘာသာတရားကို စဉ်းစားပါမည်ဟု ကျွန်ုပ်ထံက ကတိစကားကို ရှေးဦးစွာ တောင်းဆိုပြီးမှ ကျွန်ုပ် အိမ်၌လည်း ရုပ်ထုဆင်းတုတော်မရှိသည်နှင့် အရှေ့ဘက်သို့ မျက်နှာမူလျက် ပန်းရေချမ်းတို့ကို သန့်ရှင်းစင်ကြယ်စွာ တည်ခင်းပြီးလျှင် မိမိကိုးကွယ်သော ဘုရားကိုရှိခိုး၍ သရဏဂုံ ပဉ္စသီတို့ကို ခံယူ၊ ဘုရား၏ဂုဏ်တော်, တရားတော်၏ဂုဏ်တော်, သံဃာတော်မြတ်၏ဂုဏ်တော်တို့ကို ရှိခိုးနေစဉ် ကျွန်ုပ်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သည် အိပ်ပျော်၍ သွားလေရာ၊ မမကြီးဘုရားရှိခိုးပြီး ကျွန်ုပ်၏အနားမှာ လာ၍ထိုင်သည်ကာလမှစ နိုး၍ နာရီကိုကြည့်လိုက်လျှင် တဆယ့်ငါးမိနစ် အတွင်း ကျွန်ုပ်သည် နှစ်ခြိုက်စွာ အိပ်ပျော်ကြောင်းသိရ၍ အလွန်ကျေးဇူး တင်ပါသည်ဟု ပြောလိုက်သည်။

မမကြီးကို မပြောဘဲ စိတ်ထဲက ထင်မှတ်လိုက်သည်မှာ ''*သူ၏ ဘုရားသည် ငါတို့၏ ထာဝရဘုရား ဖန်ဆင်းသောသူက ပေါက်ဖွားသောပုဂ္ဂိုလ်ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် တန်ခိုးထင်ရှားအောင် ပြနိုင်ပါသလဲ၊ နောင်တခါ အရေးပေါ်လာလျှင် ငါ၏ထာဝရဘုရားထံမှာ မရ,ရအောင် ငါတောင်းဦးမည်ဟု အားခဲ၍နေလေသည်*''။

အဖျားသက်သာ၍ ပခုက္ကူမြို့သို့ ဆင်းသွားရာ

လမ်းခရီးခ္ဍ ဖြစ်ပျက်သော အကြောင်းများ

မမကြီးက ဆုတောင်း၊ ဦးရဲအောင်ကလည်း ဆေးကုသဖြင့် ကျွန်ုပ်သည် တနေ့တခြား သက်သာလာ၍ အိမ်ခန်းထဲမှာ အနည်းငယ် လမ်းရှောက်နိုင်သော်လည်း လက်ကို ကောင်းစွာ အသုံးမပြုနိုင်သေး၊ အစိုးရနှင့်စပ်ဆိုင်သည့်စာများကို လက်မှတ်ထိုးရန် ရှိသည့်အခါ ကျွန်ုပ်၏ လက်ကို လူတယောက်က ယူမ၍ စားပွဲပေါ်သို့ တင်ပေးရသည်။

ဤကဲ့သို့ ကြောင်ခြစ်သည်နှင့်တူသော လက်မှတ်ပါရှိသည့်စာ များသည် မင်းဘူးမင်းကြီးထံသို့ ရောက်ရှိသည့်အခါ ထိုမင်းကြီးသည် ကျွန်ုပ်၏အထက်က သိရင်းစွဲဖြစ်၍ သနားသောစိတ်ဖြင့် မောင်မင်း အလွန်နာလျှင် မြို့အုပ်သို့ရုံးလွှဲ၍ ပခုက္ကူသို့ဆင်းသွားတော့ဟု သံကြိုး စာဖြင့် အမိန့်ပေးလိုက်သည်။

ကျွန်ုပ်၏အခွင့်စာ မထွက်သေးသော်လည်း မင်းကြီးအမိန့်အရ မြို့အုပ်ကို ရုံးလွှဲ၍ ဂန့်ဂေါမြို့မှ ထွက်လာရာ လမ်းလာရင်းပင် ကျွန်ုပ်သည်

အတော်အတန် ကျန်းမာလာသဖြင့်၊ ပေါ်ဆယ် တစ်ရာလောက် စသည်ဖြင့် သွားလာနိုင်လေလျှင် ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းလျက် သားတော်မြတ်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ထောမနာပြု၍ ဘာသာသီချင်းများကို တစ်လမ်းလုံး သီဆိုခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာပြုရာ၊ မမကြီးက ကန့်ကွက်သည်ကို အလေးမပြု၊ ဂရုမစိုက်လေ။ ဤသို့လာခဲ့ကြရာ ဂန့်ဂေါ်မြို့က ခြောက်ရက် ခရီးကွာဝေးသော အညာဗန်းရွာစခန်းသို့ ဆိုက်ရောက်လျှင် ကျွန်ုပ်၏ဝေဒနာသည် ပြန်၍ တိုးတက်လာသောကြောင့် လှည်းပေါ်ကလူပွေ့၍ ဗိုလ်တဲပေါ်သို့ တင်ရလေသည်။

ရောဂါသည် အလွန်ဖိစီးသဖြင့် သည်တခါ ငါ ဧကန်သေရတော့မည်။ မင်းတို့၏ဘုရားထံမှာ သည်တစ်ကြိမ် ဆုတောင်းပါဦး၊ ငါကျန်းမာခဲ့လျှင် ပခုက္ကူမြို့သို့ ရောက်သည်ကာလ ဗုဒ္ဓဘာသာတရားကို အမှန်ပင်ဆွေးနွေးမေးမြန်းပါမည်ဟု မမကြီးကို ပြောဆိုသည့်အရ မမကြီးက ထုံးစံအတိုင်း ဆုတောင်းပတ္ထနာပြုပြီးလျှင် နေ့လည်အချိန် ခေတ္တအိပ်ပျော် သွားသည့်အခါ ကျွန်ုပ်တို့တွင် ပါ၍လာသော ဆေးများအနက် မည်သည့်ဆေးကို တိုက်ရမည်ဟု အိပ်မက်မြင်မက်လေလျှင် ထိုဆေးကို တိုက်ရာ ကျွန်ုပ်သည် သက်သာကြီးသက်သာ၍လာလေသည်။

သို့ပါသော်လည်း အစာအာဟာရ မဝင်သေး၊ စားရန် ဓာတ်စာကလည်း နွားနို့ချက်နှင့်ဌက်ပျောဖီးကြမ်းမီးဖုတ်၊ ထို့ပြင် ဘူးသီးဟင်းချို နှင့်ထမင်းများဖြစ်လေရာ ဘူးသီးကုန်၍သွားသည်နှင့် ၎င်းရွာမှာလည်း ရှာမရသောကြောင့် ထမင်းနှင့်စားရန် နံနက်ခါ ချက်ဖို့မရှိ၍ စိတ်ညစ်ပြူးစွာနှင့်ညဉ့်ကို လွန်စေ၏။ နံနက်မိုးလင်းထကြသောအခါ ဘူးသီးလတ်လတ်ဆတ်ဆတ် တစ်လုံးကိုမြင်၍ မေးရာ နံနက်စောစောကြီးက လမ်းလုပ်သည့်ကူလီကုလားဆိုသောကုလားတယောက် လာ၍ ဘူးသီးကို လိုချင်လျှင် ယူတော့ဟု ပြောဆိုပေးသွားကြောင့် ထမင်းချက်သောသူက ပြောပြလေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျွန်ုပ်သည် မမကြီး၏ဘုရားနှင့်မမကြီးအား ကျေးဇူးအထူးတင်သော်လည်း ထင်ထင်ရှားရှား မပြောမဆိုလို၊ အဘယ့်ကြောင့်ဆိုသော် သူ၏ဘာသာဘက်သို့ ဘယ်တော့မှ ဝင်မည်ဟု စိတ်ထဲကမထား၊ သို့ဖြစ်၍ အတော်အသင့်လောက်သာလျှင် ကျေးဇူးတင်စကားပြောလိုက်သည်။

အညာဗန်းရွာစခန်းက နှစ်ညဥ့်အိပ်နှင့် ချောင်းကူးဆိုသော ရွာစခန်းသို့ စောစောကြီးပင် ဆိုက်ရောက်သည်။

ဤရွာသည် ပေါက်မြို့နှင့် ၇-မိုင်သာ ကွာဝေး၍ လမ်းလည်း အလွန်ကောင်းသည်။ ကျွန်ုပ်သည် လမ်းတစ်လျှောက်လုံး ငှက်ပျောဖီးကြမ်းနှင့်နွားနို့ချက်ကို စားသောက်လာရာ ချောင်းကူးရောက်သည်ကာလ ငှက်ပျောသီးကုန်သဖြင့် နံနက်ခါ ပေါက်မြို့သို့ရောက်လျှင် အသင့်စားနိုင်ရအောင် လူစေလွှတ်၍ ပေါက်မြို့ရှိ မိတ်ဆွေများအား မှာထားအကြောင်းကြားလိုက်သည်။

နံနက်ခါ ချောင်းကူးက ထွက်၍ လှည်းပေါင်းဆယ်စီးတွင် ကျွန်ုပ်တို့စီးသော လှည်းသည် အလယ်ဗဟိုကနေ၍ လာကြရာ၊ မည်သည့်နည်းအားဖြင့် မည်သို့ဖြစ်သည်မသိ၊ ကျွန်ုပ်၏လှည်းတစီးတည်း တောအုပ်တခုသို့ ရောက်၍ ထိုတောအုပ်ကထွက်လျှင် သဲသောင်ပြင်ကြီးတစ်ခုကို ဆိုက်လေသည်။ ထိုသဲပြင်မှ ပေါက်မြို့ရှိရာ အရှေ့တောင်ဘက်သို့ တန်းမှန်း၍ မောင်းနှင်သွားသောအခါ ငှက်ပျောဖီးကြမ်း အပြည့်အနှက်တင်၍လာသော လှည်းတစ်စီးနှင့်တွေ့ဆုံမိသည့်ကာလ၊ ငှက်ပျောသီးကလည်း အလွန်ထွားကြိုင်းလှပသည့်ပြင် လှည်းရှင်လင်မယား နှစ်ယောက်ကလည်း သဘောကောင်း၊ ငှက်ပျောသီးကလည်း အဖိုးချိုသည်နှင့်ပေါက်မြို့တွင် မှာထားပြီးဖြစ်သော်လည်း၊ ငှက်ပျောဖီးကြီး ငါးဖီးကို အဖိုးငွေလေးပဲ ပေး၍ ဝယ်ယူသွားကြသည်။

ပေါက်မြို့သို့ အတော်ပင် နေမြင့်မှ ရောက်သောအခါ မြို့တွင်းသို့

E-book is created by www.shanyoma.org

မဝင်မီ ကျွန်ုပ်၏ အသိများက ဆီးကြို၍ ပြောပြသည်မှာ-

သူတို့သည် မနေ့ညကစ၍ ယခုနံနက်အထိ ငှက်ပျောဖီးကြမ်းကိုရရန် မြင်းစီးပြီးလျှင် စေ့စေ့စပ်စပ် မရပ်မနား ရှာဖွေပါသော်လည်း မရသောကြောင့် အလွန်ဝမ်းနည်းကြောင်းပြော၍နေစဉ် ကျွန်ုပ်၏လှည်း ဦးတောင်းထဲ၌ရှိသော ငှက်ပျောသီးကို မြင်ကြ၍ များစွာအံ့သြကြလေသည်။

ကျွန်ုပ်၏စိတ်၌ ဖြစ်ပေါ်လာသည်မှာ ငါ၏လှည်း လမ်းမှားရခြင်းသည် ငါငှက်ပျောသီး မင်တ်ရအောင် ဖြစ်သောအချက် မုချမှန်၏။ ငါသည် မမကြီး၏ဘာသာဘက်သို့ ပါရကောင်းပါရလိမ့်မည်လားဟု ထာဝရဘုရားထံ ဆုတောင်းလိုက်သည်မှာ-

"အို. . . ကောင်းကင်ဘုံရှင်၊ မဟာကရုဏာတော်သခင်၊ ကျွန်ုပ်တို့၏အဖထာဝရမြတ်စွာဘုရား၊ ကျွန်ုပ်သည် ဤလောကီသူဇနီးမိန်းမနှင့် ရသည်နေ့မှစ၍ သူ၏စကားသည်သာလျှင် ဘယ်အခါမဆို အောင်မြင်၍ အကျွန်ုပ်၏စကားက ပျက်ကွက်ပါသည်။ ကျွန်ုပ်သည် သူ့ကို ကိုယ်တော်၏သိုးတော်အဖြစ်သို့ ရောက်အောင် ဆုတောင်းမည်ဟု ရဲတင်းစွာ ပြောဆို ဆုတောင်းပါသော်လည်း ကိုယ်တော်အရှင်မြတ်က ပေးတော်မမူ၊ အကျွန်ုပ်၏ဖခင်အတွက် ဆုတောင်းပတ္ထနာပြုပြီး လစဉ် စာရေးပေးရာလည်း ထိုစာကို စုတ်ပစ်ခြင်းခံရပါသည်။ အခြားသောအချက်တို့၌လည်း မမကြီးနှင့်ကျွန်ုပ်ပြိုင်၍ ဆုတောင်းကြလျှင် မမကြီးကသာ အရေးသာ၍ ကိုယ်တော်၏ကျွန်မှာ ရှုံးပါသည်။"

"ကိုယ်တော် ဖန်ဆင်းတော်မူသော ဟင်းသီးဟင်းရွက်ကလေးများကို ပစ်ခတ်ရာလည်း မထိမမှန်၊ သူ၏ပရိတ်မေတ္တာ၊ ဘာဝနာကြောင့် လွတ်ကင်းကြသည်မှာ အကျွန်ုပ် အရှက်ခံရပါပြီ။ ကျွန်ုပ်ဖျား၍ အိပ်မပျော်ရာလည်း ကျွန်ုပ်တောင်း၍မရ၊ သူ၏ဘုရားထံမှာ ဆုတောင်းခြင်းကြောင့်

E-book is created by **www.shanyoma.org**

သာ ရပါသောကြောင့် ကိုယ်တော်၏နာမတော်ကို လောကီသားတို့ပျက်ရယ်ပြုကြပါပြီ။ ယခုလမ်းတစ်လျှောက်လုံးမှာလည်း သူက အရေးသာ၍ ကျွန်ုပ်ညံ့ဖျင်းရာ ရောက်နေပါပြီ။ အို. . . ကောင်းကင်ဘုံရှင်၊ အဖဘုရားသခင်၊ ကိုယ်တော်၏ အနန္တတန်ခိုးတော်ကို ထင်ရှားပြတော်မူပါ။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာမဖြစ်ဘဲ ကျွန်ုပ်၏ဇနီးလောကီသူ ရှင်ဂေါတမဘုရားကို အလွန်ယုံကြည်သူအား ခရစ်တော်ဘာသာသို့ ဆွဲယူတော်မူပါ။ သားတော်မြတ်၏မဟာနာမတော်ကို အမှီပြု၍ ရှိသေစွာ ရှိခိုးအသနားတော်ခံပါသည်။ အဖထာဝရဘုရားသခင်(အာမင်း)” ဤကဲ့သို့ အခန်းထဲမှာ မမကြီးမရှိခိုက် တစ်ယောက်တည်း ထာဝရဘုရားအား အလုံးစုံဇာတ်လှန်၍ အကုန်အစင် လျှောက်ထား ဆုတောင်းပတ္ထနာပြုလိုက်ပြီးလျှင် သည်တခါ ငါ၏ဘုရားနှင့်သူ၏ဘုရားအကြောင်းကို သိရလိမ့်မည်ဟု စိတ်အားသန်စွာနှင့်ထာဝရဘုရားသခင် တန်ခိုးတော်ထင်ရှားပြရန် အချိန်ကိုသာ ငံ့လင့်လျက်နေလေသည်။

နောက်လေးရက်ခန့် ကြာသောအခါ ပခုက္ကူမြို့သို့ဆိုက်ရောက်၍ မိတ်ဆွေများ လာရောက်ကြိုကြလျှင် ကျွန်ုပ်သည် အတော်ကျန်းမာသောကြောင့် ဝမြိုးနေသဖြင့် များစွာဖျားသည်ဟု မထင်ကြ။

ကျွန်ုပ်သည် ထာဝရဘုရားကို ဘယ်လောက်များ ချစ်ခင်သည်ကို အနည်းငယ်ပြပါအုံ့။ တနင်္ဂနွေနေ့တစ်နေ့၌ ဘုရားရှိခိုးကျောင်းသို့ မသွားပါဘူးဟု မမကြီးနှင့်ကတိထားရှိသည့်အတိုင်း မသွားဘဲ အိမ်ပေါက်ဝမှာ ထိုင်လျက်၊ အောက်ပါသီချင်းကို ဖြည်းညှင်းစွာ သီဆိုလေသည်။

“ကျွန်ုပ်ခေါ်သံနားညောင်းလျက် သနားပါ။

ကယ်ချွတ်ရှင်ကြီး ဆင်းသက်လာ။

အကျွန်ုပ် ကိုယ်တော်တောင့်တလှ။

ကယ်ချွတ်ရှင်ကြီး ဆင်းသက်ပါ။

(ထပ်၍ဆိုရန်။)

တောင်ပေါ်တောင်ကြားကျော်၍ အိမ်မှဝေးစွာ။

အကျွန်ုပ်သည် လမ်းလွဲလျက်လာပါ။

သိုးခြံထဲသို့ ယူဆောင်ပို့ပြန်စိမ့်ငှာ။

ကယ်ချွတ်ရှင်ကြီး ဆင်းသက်ပါ။"

ဤသို့သီဆိုနေရာ မမကြီးက ကြားသွားသည်နှင့် အပြစ်တင်စကားပြောဆို၊ လမ်း၌ထားခဲ့သည့်ကတိအတိုင်း ပညာရှိကြီးများနှင့် ဗုဒ္ဓဘာသာတရားကို ဆွေးနွေးရန် အချိန်တော်ပြီဟု သတိပေးလျှင် ကျွန်ုပ်က ငါ၏ထာဝရဘုရားကို ငါစွန့်ပစ်နိုင်မည်မထင်။ ငါ အလွန်စိတ်စွဲသည်။ ငါ၏ဘုရား မရှိဘူးဟု မင်းက ပြောသည်။ ငါ၏ဘုရားမရှိဘဲ ငါ ယခုလောက် လွမ်းဆွတ်သောစိတ်ဖြစ်နိုင်ပါ့မည်လားဟု မမကြီးကိုပြောနေခိုက်၊ သမာဓိမြို့ဝန်မင်းဦးသာပြည့် ဆိုက်ရောက်လာသည်နှင့် သူကပြောသည်မှာ ရှိသည် မရှိသည် ပဓာန မဟုတ်ပေ။ လွမ်းအောင် ရေးထားလျှင် လွမ်းတာပေါ့။ စောဘေ၊ စောမေတို့ဇာတ်ကို ဖတ်စမ်းပါလား ဝန်ထောက်မင်းရဲ့ဟု ကဲ့ရဲ့ပြောဆိုလေသည်။

ပခုက္ကူမြို့မှာ ခရစ်ယာန်ဘာသာကို စွန့်ခြင်းအကြောင်း

ပခုက္ကူမြို့မှာပင် ကာလအတော်ကြာနေထိုင်၍ မြန်မာပညာရှိစာတတ်ပုဂ္ဂိုလ်ကျော်များနှင့်ဗုဒ္ဓဘာသာတရားကို မပြတ်မလပ် ဆွေးနွေးနေစဉ်အခါ၊ ကျွန်ုပ်ကို နှစ်ခြင်းမင်္ဂလာပေးဖူးသူ ဆရာဟေးလထံက စာအုပ်နှင့်သတင်းစာများ ပေးပို့လိုက်ရာ ထိုစာအုပ်နှင့် သတင်းစာကို ကျွန်ုပ်ဖတ်လျှင် ဗုဒ္ဓဘာသာတရားကို စိတ်ပျက်လိမ့်မည်လက္ခဏာနှင့်ပို့

E-book is created by www.shanyoma.org

E-book is created by **www.shanyoma.org**

သည်မှန်သော်လည်း ထိုစာအုပ်သတင်းစာတွင် ပါရှိသောအကြောင်းသည် ကျွန်ုပ်ကို ဗုဒ္ဓဘာသာသို့ မြန်မြန်စိတ်ပါရန် ပြုသကဲ့သို့ ဖြစ်လေသည်။

ၛင်းစာအုပ်ကို ကျွန်ုပ် မန္တလေးမြို့သို့ရောက်သည့်အခါ မိတ်ဆွေတစ်ဦးသို့ပေးလိုက်သည်ဖြစ်၍ ကျွန်ုပ်မှာ မရှိ။ ထို့အတွက် ကျွန်ုပ်မှတ်မိသ၍ စာအုပ်၏အကြောင်းနှင့်သတင်းစာ၏အကြောင်းကို ဖော်ပြပါအံ့။

"အမေရိကန်ပြည်မှာ အချို့သောသူငယ်များ သေငယ်ဇောနှင့် မျောနေသည့်အခါ မြင်ခဲ့ရသော ၀ရဲခံရုပ်များ၊ အိပ်မက်တွင် မြင်ရသော ၀ရဲခံရုပ်များမှစ၍ သေခါနီးဆဲဆဲအခါ အချို့လူများသည် ၀ရဲမီးတောက်မီးလျှံ၊ ခွေးနက်နှင့်သံကြိုးကိုင်၍ လာခေါ်ကြသော သူတို့ကို မြင်၍ ကြောက်ရွံ့တုန်လှုပ်အော်ဟစ်ကြခြင်းများ၊ အချို့အနည်းငယ်သောသူတို့မှာ နတ်ရွာသဏ္ဌာန်ရှိသောဌာနတို့ကို မြင်ရကြောင်းများ ပါရှိလေသည်"။

ၛင်းစာအုပ်တွင် ပါရှိသော အချို့သော၀ရဲခံရုပ်များသည် နေမိဇာတ်တော်တွင်ပါရှိသော ၀ရဲတို့နှင့်တူကြသည်။ ဆရာဟေးလကလည်း တူကြောင်း ကျွန်ုပ်ကိုပေးသောစာ၌ ရေးသားလေသည်။ နေမိဇာတ်တွင် ပါသော ၀ရဲခန်းများကို ဗုဒ္ဓဘာသာမှန်က နည်းများမဆို ကြားသိဖူးကြသည့်အတွက် ပြရန်မလို။ သို့သော်လည်း လောဘကြီးသောမိန်းမတစ်ယောက်၏ခံရပုံကို ကျွန်ုပ်မှတ်မိသမျှ အနည်းပြလိုက်ပါမည်။

"တစ်နေ့သ၌ လူတယောက်သည် သေငယ်ဇောနှင့်မျောနေရာ မိမိ၏အိမ်နားနီးချင်းဖြစ်သော ထိုစဉ်က ဥစ္စာခေနအတော်အတန် ကြွယ်ဝသောရွှေဒင်္ဂါးကို အလွန်စုံမက်သောကြောင့် သူတစ်ထူး၏ဥစ္စာကိုသာ ရအောင်ချူ၍ မိမိ၏ပစ္စည်းကိုကား အပေးအကမ်းမရှိသော မိန်းမတစ်ယောက် လမ်းလျှောက်လာသည်ကို မြင်လေလျှင် မျောနစ်နေသူကသင်သည် ဤဒေသအရပ်၌ အလွန်ပျော်မွေ့ယောင်ရှိသည်၊ ချမ်းချမ်းသာသာနေရပါ၏လားဟု မေးရာ ထိုမိန်းမက အသင်သည် အကျွန်ုပ်၏

အပေါ်ယံအဆင်းတန်ဆာကိုမြင်သောကြောင့် ကျွန်ုပ်ချမ်းသာသည်ဟု ထင်သလားဟု ဆို၍ မိမိ၏အပေါ်ဝတ် လှပသောတန်ဆာကိုဖယ်၍ ပြလိုက်သောအခါ ထိုမိန်းမ၏ကိုယ်မှာ တောက်လောင်လျက်ရှိနေသော မီးအလျှံကိုမြင်ခဲ့ကြောင်း နစ်မျောသူသတိရသည့်အခါ ပြန်ပြောလေသည်"။

ထိုစာအုပ်၏ အချုပ်သဘောကို ဆိုရလျှင် အကြင်သူသည် လူပြည်၌ ဤမည်သော ဒုစ္စရိုက်မှုကို ပြုကျင့်၏။ ထိုသူသည် ငရဲပြည်၌ ထိုဒုစ္စရိုက်နှင့်အလားတူသော ငရဲကိုခံရကြောင်းပါရှိလေသည်။

ဤကဲ့သို့ ငရဲခံရပုံများသည် သမ္မာကျမ်းစာ၌ မပါမရှိ။ ဗုဒ္ဓဘာသာကျမ်း၌သာ ပါရှိသောကြောင့် ဗုဒ္ဓရှင်တော်ဘုရား ဟောကြားပြည္ဆန်တော်မူသော ငရဲတို့သည် လူမျိုးတစ်ရာ့တစ်ပါးနှင့်ပင် ဆိုင်နေပြီ။ ဆရာဟေးလသည် ဤစာအုပ်ကို ပို့ခြင်းအားဖြင့် မမကြီး၏ဘက်သားဖြစ်နေပြီ။ ငါသည် သမ္မာကျမ်းစာကို အစအဆုံးတိုင် တစ်ဖန်ပြန်၍ ဖတ်ပြီးလျှင် ဗုဒ္ဓဘာသာပညာရှိကြီးများကို စေ့စေ့စပ်စပ် မေးမြန်း ဆွေးနွေးမည်ဟု ကြံစည်၍ ပြုလုပ်လေသည်။ ထိုသို့ ဗုဒ္ဓဘာသာလူကြီးများနှင့် ဆွေးနွေးသည့်အခါ ၎င်းလူကြီးပညာရှိများက အပြစ်တင်ပြောဆိုသော အချက်များသည် အလွန်မှတ်ဖွယ်ကောင်းပါသည်။ သို့ပင်ဖြစ်သော်လည်း ဤကျမ်းငယ်၏သဘောရင်းနှင့်မညီဖြစ်မည်ကို စိုးသည်တကြောင်း၊ သူတစ်ပါး၏စိတ်ကို မနစ်နာစေလိုခြင်း အကြောင်းများကြောင့် မရေးဘဲ လှုပ်ထားလိုက်သည်။

ဤသို့ဆွေးနွေး၍ ဗုဒ္ဓဘာသာတရား အဆီအနှစ်ကို သိရသည်ကာလ၊ ကြီးစွာသော နောင်တ,တရားရ၍ ခရစ်ယာန်ဘာသာကို စွန့်ရန် ကြံစည်လေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျွန်ုပ်သည် ခရစ်ယာန်ဘာသာသို့ ဝင်သည့်အခါ လူအများရှေ့မှောက်၌ နှစ်ခြင်းကို ခံသောကြောင့် ယခုထိုဘာသာကို စွန့်ပစ်သည့်အခါလည်း ပရိသတ်အများရှေ့မှာ ပြုလုပ်လို၍ လူကြီးလူကောင်းများနှင့်တိုင်ပင်နှီးနှောပြီးလျှင် ယာယီမဏ္ဍပ် ကြီးစွာထိုး၍ လူကြီးလူကောင်းများ ရုံးအရာရှိများ၊ အမိန့်တော်ရမင်းများနှင့်တကွ သံဃာတော်မြတ်များ ထံ သရဏာဂုံပဋ္ဌသီခံယူ၍ ကျွန်ုပ်သည် တစ်ဆယ့်ရှစ်နှစ်ပတ်လုံး ယုံကြည်ခဲ့သော ခရစ်ယာန်ဘာသာကို ယခုနေ့ စွန့်လွှတ်လိုက်ကြောင်း ပရိသတ်များအား ပြောဆိုပြီးလျှင် ရဟန်းတော်အား လျှောက်ထားသည်မှာ-

"အရှင်ဘုရား၊ တပည့်တော်သည် တစ်ဆယ့်ရှစ်နှစ်ပတ်လုံး ဗုဒ္ဓမြတ်စွာဘုရားအား ပြစ်မှား၍ အခြားအယူကိုယူနေခြင်းအတွက် အပြစ်မည်သို့ရှိပါသနည်း" လျှောက်ထားသည်တွင် ရဟန်းတော်က "ဒကာ. . . ၊ မြတ်စွာဘုရား၏တရားတော်၌ နတ္ထိက၊ အဟေတုက၊ အကိရိယာဒိဋ္ဌိဟူ၍ သုံးမျိုးရှိရာ ထိုအယူတစ်ခုခုကို မစွန့်ဘဲ သေလေလျှင် မကောင်းသော ဂတိသို့လားရာသည်။ ဒကာမှာမူကား မှားမှန်းကိုသိ၍ တရားတော်လာရှိသည့်အတိုင်း ကျင့်ဆောက်တည်ပါလျှင် ကိစ္စရှိတော့မည်မဟုတ်ပေ။ ဒကာကဲ့သို့သူကို မဆိုထားဘိ၊ ငါတို့၏မြတ်စွာဘုရားပင် နုစဉ်က မှောက်မှားသောအယူကို ယူဖူးကြောင်း"ဟောပြသည့်အခါ ကျွန်ုပ်နှင့်တကွ တရားနာပရိသတ်အပေါင်းတို့ပါ ဝမ်းမြောက်ဝမ်းသာရှိကြလေသည်။

ထို့နောက် သမာဓိမြို့ဝန်မင်းမှစ၍ လူကြီးလူကောင်းတို့က သြဘာစာဖတ်ကြသည်၊ ဤသြဘာစာကို အခွန်ဝန်မင်းဦးဘိုးမြက ဗုဒ္ဓဘာသာသာသနာပြုသတင်းစာတွင် ထည့်သွင်းရာ အောက်ပါအတိုင်းဖြစ်လေသည်။

လူကြီးလူကောင်း တစ်ယောက်အကြောင်း

(ကျွန်ုပ်တို့အသင်းအတွက် ကူညီဆောင်ရွက်သူ ပခုက္ကူမြို့၌ နေထိုင်လျက်ရှိသော သင်းထောက်လူကြီးမင်းတစ်ဦးက အထူးကျေးဇူးပြု၍ ရေးသားပေးပို့လိုက်သည့်စာကို အောက်၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။)

"အစီရင်ခံပါသည်၊ ဗုဒ္ဓဘာသာသာသနာပြုအသင်းတွင် ပါဝင်ဆောင်ရွက်ကြကုန်သော ပြီစီတင်၊ စက္ကရီတေရီမှစ၍ သင်းထောက်သင်းဝင် ဥပါသကာ၊ ဥပါသိကီညီအစ်ကို မောင်နှမအပေါင်းတို့-

"အထူးအကြောင်းမှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဂန့်ဂေါမြို့၊ နယ်ပိုင်ဝန်ထောက်တော်မင်း(ယခုခွင့်နှင့်နေသူ)ဦးညို(၁)သည် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်နေသည်မှာ ၁၈-နှစ်ကြာမျှရှိပါပြီ။ ယခုအခါ ကျွန်ုပ်တို့နှင့်တွေ့ကြုံ၍ အလုံးစုံသောဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်များကို ဟောပြောပြသရာ၊ ပါရမီကံထောက်မသဖြင့် ခရစ်ယာန်အယူဝါဒကို လုံးလုံးကြီး စွန့်ပစ်ပယ်ရှားလျက် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတရားကို သက်ဝင်ယုံကြည်ရှိသည်အတိုင်း လွန်ခဲ့သည့် ၈ပြီလ ၂၈-ရက် တနင်္ဂနွေနေ့က ရဟန်းသံဃာတော်များစွာကို ပင့်၍ သရဏဂုံ ပဉ္စသီခံယူဆောက်တည်ပြီးလျှင် ပရိတ်တော်တရားတော်ကို နာယူပါသည်။ ဤအခါ ပခုက္ကူမြို့ရှိ လူကြီးလူကောင်းအပေါင်းတို့က တရားနာပရိသတ်တို့ရှေ့ ကောင်းချီးသြဘာမင်္ဂလာ စကားရေးသားဖတ်ဆိုကြသည့်စာနှင့် နယ်ပိုင်ဝန်ထောက်တော်မင်းဦးညို၏ ပရိသတ်အပေါင်းတို့အားပြန်ကြားမြွက်ဆိုသောအကြောင်းစာကို ဗုဒ္ဓဘာသာပရိသတ်အပေါင်းတို့ ကောင်းစွာသိရှိ ပီတိသောမနဿဖြစ်ကြစေရန် ရေးသားပေးပို့လိုက်သည့်အတိုင်း ဗုဒ္ဓဘာသာသာသနာပြုအသင်း သတင်းစာ၌ ထည့်သွင်းဖော်ပြပါမည့်အကြောင်း"။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အနုမောဒနာကောင်းချီးပေးသောစာ

"သာဓု၊ သာဓု၊ အနုမောဒနာ၊ ကြော်ငြာရင့်ကြွေး၊ ကောင်းဆုမြတ်ပေးကြသည်မှာ၊ ကျွန်ုပ်တို့ပခုက္ကူမြို့တွင် အထက်ကျော်အခါဝယ်၊ နယ်ပိုင်မြို့အုပ်မင်းအဖြစ်၊ ယခုအခါ သမယဝယ်၊ ဂန့်ဂေါခရိုင် နယ်ပိုင်ဝန်ထောက်မင်းအဖြစ်နှင့် နှစ်ပေါင်းများစွာ အုပ်ချုပ်စိုးမိုးလျက် ရှိပေသော ဦးညိုသည်၊ ၁၈-နှစ်ပတ်လုံး ဗုဒ္ဓဘာသာမှအပဖြစ်သော အယူလိုက်မှား၊ တရားဝိပရိ၊ အသန္ဒိဋ္ဌိ၊ ဘေးငြိုရကား ယခုပညာဒသက၊ ဝယအရွယ် ၄၂-နှစ်စွန်းရှိလတ်သော် အမြော်အမြင် ဆင်ခြင်ဝိစာရ၊ ဤသည်ကား အမှား၊ ဤသည်ကား အမှန်၊ ထိုးထွင်းသောဉာဏ်ဖြင့်၊ ဘုရားအလောင်းသူတော်ကောင်းဖြစ်သော ဇောတိပါလ၊ လောမဟံသ၊ ဣသိန္ဒတို့သည်၊ ယူမိသော ဝါဒကို ခွာခါပယ်လှန်၍ အမှန်ကို ဆောက်တည်သကဲ့သို့ ဂန့်ဂေါဝန်ထောက်မင်းသည်လည်း စွဲမိရင်းအယူကိုစွန့်ခွာလျက်၊ ဗုဒ္ဓဘာသာသာသနာတော်တွင်း သက်ဝင်ယုံကြည်ခြင်းဖြင့် ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးရပ်တို့ကို နိယံမပြတ် ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်သို့ ရောက်လေသည်။

ဥပါသကာတို့၏ရတနာသုံးရပ်သို့ ဆည်းကပ်သောကုသိုလ်ကို ကြည်ညိုရန် ထုတ်ဖော်လျှင် ဆင်ရတနာတစ်သိန်း၊ မြင်းရတနာတစ်သိန်း၊ အဿထိုရ်မြင်းကသောရထားရတနာ တစ်သိန်း၊ ပတ္တမြားနားချောင်းလည်ရွဲရတနာ ကောင်းစွာဝတ်ဆင်သော သမီးကညာတစ်သိန်း၊ ဤလေးသိန်းသော ရတနာတို့ကို ရခြင်းသည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးထံ၊ နိယံမပြတ်ဆည်းကပ်မည်သွားသောသူ၏ ခြေတစ်လှမ်းကို ၁၆-စိတ်စိတ်၍၊ တစိတ်မျှသော ကုသိုလ်၏အကျိုးကို မမီနိုင်ကုန်၊ ထို့ပြင်တဝ၊ ဒါန,သီလကိုပွားများလျက် ရတနာသုံးပါးကို ဆည်းကပ်ကြည်ညိုသားမယားအား တရားသဖြင့် ကျွေးမွေးသောသူတို့ကို သိကြားမင်း မာတလိ နတ်သားတို့သည် ညွှတ်တွား ဝပ်လျှိုးရှိခိုးကြောင်းနှင့် သက္ကသံယုတ် ဒေ

သနာတော်တွင် ထင်ရှားလျက်ရှိပါသောကြောင့်၊ ဂန့်ဂေါဝန်ထောက်တော်မင်း ဇနီးမောင်နှံတို့မှာ အနပ္ပကံ၊ မဟပ္ပလံမဟာနိသံသ၊ အကျိုးထူးများကို ဤနေ့မှစ၍ အာယုကပ်ပတ်လုံး၊ မဆုံးမချင်း သုံးဆောင်ခံစားထိုက်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အဖြစ်သို့ စင်စစ်ရောက်ကြပေတော့မည်ဟု ယုံကြည်သောပီတိတရားဖြင့် ဥပါသကာ ဥပါသိကီအများက ကြော်ငြာဝေးနီး အောင်စည်တီး၍ ကောင်းချီးပေးကြပါသည်။"

နယ်ပိုင်ဝန်ထောက်မင်း ဦးညိုက မြွက်ဆိုပြန်ကြားသည့်စကားမှာ

"၁၉၀၁-ခု၊ ဧပြီလ ၂၈-ရက်နေ့၌ ပရိတ်တော်နာပြီးသည်အဆုံးတွင် ကောင်းချီးပေးကြကုန်သော ပခုက္ကူမြို့နေ လူကြီးမင်းအများအမှူးရှိသော ဥပါသကာ ဥပါသိကီအပေါင်း သူတော်ကောင်းတို့-

"ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ယုံကြည်သက်ဝင်ခဲ့ဘဖူးသော ခရစ်ယာန်ဘာသာမှ ဗုဒ္ဓမြတ်စွာဘုရား၏ဘာသာတော်ဘက်သို့ ကူးပြောင်းသည့်အတွက်၊ သာဓုအနုမောဒနာပြုကြရာ၊ ကျွန်ုပ်၏စိတ်နှလုံးတွင် ညွှတ်နူးကြည်ညို၍ ထိုထိုသောသူတော်ကောင်းအပေါင်းတို့အားကျေးဇူးအထူးတင်ပါကြောင်း"။

လူကြီးမင်းဥပါသကာ၊ ဥပါသိကီအပေါင်း သူတော်ကောင်းတို့နှင့် ကျွန်ုပ်သည် တရားတော်အလာ။ ။

ပုဗ္ဗေ သန္ဒိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။

ဝေန္တံဇာ ယတေပေမံ၊ ဥပ္ပလံဝယတောဒကေ။

ဟူသော ဂါထာတော်ကို ထောက်လျှင် တစ်ယောက်နှင့် တစ်ယောက် လွန်လေပြီးသောဘဝက နီးစပ်ဖူးသူများဖြစ်သောကြောင့် ယခုမျက်မှောက်ဘဝမှာ မေတ္တာသက်ဝင်ချစ်ခင် လေးမြတ်ခြင်းရှိကြသည်ကို

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ယုံမှားသံသယ ဖြစ်ဖွယ်မရှိကြောင်း။

ကျွန်ုပ်သည် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓမြတ်စွာဘုရား၏ဘာသာတော်သို့ကူးပြောင်းရခြင်းမှလက်ငင်းရှောင်တခင် သက်ဝင်ယုံကြည်ခြင်းမဟုတ်ပါ။ လွန်ခဲ့သော လေးနှစ်လောက်ကပင် နှစ်ပြင်နှစ်ဝသောတရားတို့ကို သတိနှင့်ရှာဖွေစီစစ်၍ ခဲဆစ်ခဲရာနက်နဲသောဒေသနာတို့ကို ကြိုးစားကြည့်ရှုမှတ်သားပါကြောင်း။

ထိုသို့ကြည့်ရှုငြားသော်လည်း စိတ်သဘောဌ ဝေခွဲ၍ မရရှိနေစဉ်အခါ၊ မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာပြုအသင်းက သင်းထောက်လူကြီးအခွန်ဝန်မင်းနှင့်ကျွန်ုပ်တို့၏ မိတ်ဆွေကြီးဖြစ်သော သမာဓိမြို့ဝန်မင်းဦးသာပြည့်တို့ကမျှားစွာ တိုက်တွန်းနှိုးဆော်သဖြင့် ပိဋကတ်အရာ၌ အလွန်လိမ္မာကျွမ်းကျင်သော သမာဓိမြို့ဝန်မင်းဦးဘိုးဦး၊ ထို့ပြင်သမာဓိမြို့ဝန်မင်း ဦးစံရွှတို့ပါ ပင့်ဖိတ်၍ လူကြီးမင်းတို့နှင့် ဆွေးနွေးတိုင်ပင်ရာမှ မှောင်အတိရှိသော တိုက်ခန်း၌ လ၏အရောင်ဖြင့်သာ စာကို ဖတ်ရှုနေသောသူအား၊ အလွန်ထွန်းလင်းတောက်ပသော ဓါတ်စက်မီးပြခြင်းကြောင့် ထင်ရှားစွာမြင်သကဲ့သို့၊ ဗုဒ္ဓမြတ်စွာတရားတော်၏မြင့်မြတ်မှန်ကန်သော အဖြစ်ကို သိရှိရပါကြောင်း။

"ဤလူကြီးမင်းများသည် ကျွန်ုပ်ကဲ့သို့ တရားရှာသောသူတို့ကို တွေ့ကြုံဆုံမိပါလျှင် စိတ်အားလျှော့ခြင်းမရှိ၊ တရားတော်မြတ်၏ဂုဏ်ကျေးဇူးတော်ကို ဟောပြောပြသနိုင်စေရန် အကြောင်း၊ ထိုလူကြီးမင်းများ ဟောပြောသည်ကို နာရသောသူကလည်း တရားတော်၏ဓမ္မရသာကို နာရသောသူကလည်း တရားတော်၏ဓမ္မရသာကို ခံယူနိုင်ပါစေသောဟု ဗုဒ္ဓမြတ်စွာဘုရား၏ကျွတိပိသော အစရှိသော ဂုဏ်တော်ပေါင်းကို ဦးထိပ်ထက်ရွက်ဆင်လျက် ကျွန်ုပ်က ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။"

ဤကဲ့သို့ ဗုဒ္ဓဘာသာဖြစ်ပြီးနောက် အဝေးမြို့နေ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးအား အထူးသိရန် သံကြိုးရိုက်ကြားလိုက်သည်မှာ-

''God's sheep before; Buddha's Upasaka now.''

အဓိပ္ပါယ်ကား-

အထက်က ထာဝရဘုရားသခင်၏သိုးတော်၊ ယခုမှာ ဗုဒ္ဓဘုရား၏ဥပါသကာဖြစ်ပြီ။

ခရစ်ယာန်ဆရာများနှင့်တရားစစ်ထိုးခြင်းအကြောင်း

ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပြီး၍ အတော်အတန် ကြာလတ်သော်၊ ပခုက္ကူမြို့၊ ဝက်ဆလီယံအသင်းက ခရစ်ယာန်တရားဟော မြန်မာဆရာနှစ်ဦးလာကြ၍ ကျွန်ုပ်နှင့်တရားစကားပြောဆိုရာတွင် အချို့သော အရေးကြီးသောအချက်များကိုသာ ပြလိုက်မည်။

ဆရာများပြော။ ။ဝန်ထောက်မင်း ဗုဒ္ဓဘာသာဖြစ်သွားတာ တယ်နှမြောဗျာ။ ယခုအခါ နတ်ဆိုးများ ဖျက်တတ်၍ သတိထားသင့်လှပေသည်။

ကျွန်ုပ်ပြော။ ။နတ်ဆိုး ဖျက်ဆီး၍ ဗုဒ္ဓဘာသာဖြစ်မည်ဆိုလျှင် မြန်မာပြည်အတွက် နတ်ဆိုးများများရလျှင် ကောင်းပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ရန်သူပင်ဖြစ်သော်လည်း အကျိုးကိုဆောင်လျှင် မိတ်ဆွေနှင့်တူပါသည်။ နတ်ဆိုးဖျက်၍ ဗုဒ္ဓဘာသာဖြစ်သည်ဆိုလျှင် နတ်ဆိုးသည် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်တော့သည်ဆရာ။

ဆရာပြော။ ။ကျွန်ုပ်တို့အထဲမှာလည်း ရဟန်းလူထွက် အများပင်ရှိပါ၏။ ကျွန်ုပ်တို့အယူမမှန်လျှင် သူတို့ဝင်ကြပါမည်လား။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ကျွန်ုပ်ပြော။ ။ရဟန်းလူထွက်များသည် မများသည် လိုရင်း မဟုတ်ပါ။ လူမထွက်ဘဲနှင့် လျှောက်၍လည်ပတ်နေကြသော ရဟန်းအများပင် ရှိကြသည်။ ကိုတုတ်ကြီးဆိုတိုင်းလဲ ဝ,တာမဟုတ်၊ ကိုလူပိန် မှည့်သော်လည်း ဝ,ချင်လျှင် ဝ,တာပါပဲ။ ဆရာတို့၏ဘက်၌ ပါဠိအူပေါက်သမားတွေ အများအပြားပင် ကျွန်တော်တွေ့မြင်ဘူးပါပြီ။ ဆရာတို့ ပြောစရာရှိသည်ကိုသာ ပြောပါတော့။

ဆရာများပြော။ ။တော, တောင်, သမုဒ္ဒရာမှစ၍ လူတို့ကို ထာဝရ ဘုရားဖန်ဆင်းသည်ကို ယုံပါသေး၏လား။

ကျွန်ုပ်ပြော။ ။ဤအကြောင်းကို ယုံရန်မရှိ၊ နိယာမတရား၏ပြုပြင်ခြင်းသာလျှင် ဖြစ်ကြောင်းကို ကျွန်တော်သိရပြီ။

ဆရာများပြော။ ။အကယ်၍ နာရီတစ်လုံးကို လုပ်သူမရှိလျှင် နာရီဘယ်ကဖြစ်မည်လဲ။ ထိုနည်းတူစွာ ဘုရားသခင် မဖန်ဆင်းဘဲ လူအလိုလို မဖြစ်နိုင်။

ကျွန်ုပ်ပြော။ ။ကောင်းပါရဲ့ဆရာ၊ နာရီကို လူက လုပ်သည်၊ လူကို ထာဝရဘုရား ဖန်ဆင်းသည်ဆိုလျှင် ထာဝရဘုရား ဘယ်က ဖြစ်လာပါသလဲ။

ဆရာများပြော။ ။ထာဝရဘုရားသခင်သည် တန်ခိုးအနန္တရှင်ဖြစ်၍၊ ဖန်ဆင်းသူ မရှိနိုင်ရာ၊ အလိုလိုဖြစ်တော်မူသည်။

ကျွန်ုပ်ပြော။ ။ဆရာတို့၏စကားအရ ဆင်ခြင်လိုက်သော် ထာဝရ ဘုရား အကြောင်းမရှိဘဲ အလိုလိုဖြစ်နိုင်သည်။ လူတို့မှာကား ဖန်ဆင်းသူ ရှိမှဖြစ်ရမည်ဆိုလျှင် လူ၏ဘဝကို ရခြင်းသည် ဘုရား၏အဖြစ်ကိုရခြင်း ထက်ပင် ခက်နေပြီ။ ဗုဒ္ဓဘာသာမှာ ဤကဲ့သို့မဟုတ်၊ လူ၏အဖြစ်မှ ကြာမြင့်စွာ ပါရမီတော်ကိုဆည်းပူးပြီးသည်ကာလမှ ဘုရား၏အဖြစ်သို့ ရောက်

သည်။ ဤစကား ၈ကန်မှန်၏။ ဥပမာ- ပတ္တမြားကျောက်နှင့် ကျောက်စရစ်ကျောက်ခဲတို့ကို စာနာလျှင် ပတ္တမြားကျောက်ဖြစ်ရန်ကား ခက်၏။ ကျောက်စရစ်ခဲကား လွယ်သည်။ သို့ဖြစ်ပါလျက် လွယ်သော အရာကား အလိုလိုမဖြစ်နိုင်၊ ခဲခက်သောအရာသာလျှင် အလိုလိုဖြစ်နိုင် သလား။ အကယ်၍ ထာဝရဘုရားတစ်ပါး အလိုလိုဖြစ်ပေါ်နိုင်လျှင် ထာဝရဘုရား အများ အလိုလိုဖြစ်ပေါ်နိုင်ရန် မရှိပါဘူးလား။

ဆရာများပြော။ ။ဤစကားမျိုးကို ကျွန်ုပ်တို့အထက်ထက်က မပြောမဆို ဖူး၍ ရုတ်တရက် ရှောင်တခင် မဖြေနိုင်ပါ။ ကျမ်းမှာကြည့်ရှုပြီးမှပြော ပါမည်။ ယခု ကျွန်ုပ်တို့ပြောချင်သည်မှာ လူတို့ပြည်၌ ကုန်သည် အခစား မှစ၍ အလုပ်အကိုင်အမျိုးမျိုးကို လုပ်ကိုင်ကြရာ အခပေးသူရှိမှ အခ ကြေးငွေကိုရသည်နည်းတူ ကောင်းမှုနှင့်မကောင်းမှုပြုသူတို့၏ အ ကျိုးအပြစ်တို့ကို ဆပ်ပေးသူရှိမှသာလျှင် ဖြစ်နိုင်မည်မဟုတ်ပါလား။ ကောင်းကောင်းစဉ်းစားပါ။

ကျွန်ုပ်ပြော။ ။ဤအကြောင်းကို ကျွန်တော် ကောင်းကောင်းကြီး စဉ်းစား သောအချက်ဖြစ်သည်။

ဗုဒ္ဓဘာသာ၌ ကုသိုလ်, အကုသိုလ်၊ ကုသိုလ်, အကုသိုလ်ဟု မခေါ်ထိုက်သောတရား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာဟူ၍ ရှိကြရာ ဆရာတို့မေးသောစကားနှင့်သက်ဆိုင်သော ကုသိုလ်, အကုသိုလ်တရားအကြောင်းကို ဖြေပြမည် သည်းခံ၍ နားထောင်ပါ။

ကုသိုလ်, အကုသိုလ်တရားတို့သည် ပရမတ္ထတရားများဖြစ်သော ကြောင့် ပုဂ္ဂိုလ်, သတ္တဝါ, ဇီဝ မဟုတ်သောဓမ္မာ၊ နိသတ္တ, နိဇီဝသဘာဝါ ဖြစ်သဖြင့် အကောင်အထည်ဟူ၍ပြခြင်းငှာ မစွမ်းနိုင်။ သို့သော်လည်း အကြောင်းအကျိုးအားဖြင့် ထင်ရှားသိနိုင်၏။ လူတစ်ယောက်သည် ကောင်းမှုကို ပြုခြင်းကြောင့် ကုသိုလ်ရသည်။ တစ်ယောက်ကား မကောင်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မှုကိုပြု၍ အကုသိုလ်တရားသည် အစဉ်လိုက်လျက်နေသည်ဟုဆိုရာ၊ ထိုရသောကုသိုလ်နှင့် အစဉ်လိုက်လျက်နေသော အကုသိုလ်တို့ကို ပြစမ်းပါဆိုလျှင် ပြနိုင်မည် မဟုတ်ချေ။ သို့သော်ငြားလည်း ဇောတိက၊ ဇဋိလတို့ကိုမြင်သဖြင့် မိမိတို့ရှေးကောင်းမှု၏အကြောင်းကြောင့် စည်းစိမ်ရှင်မျှားဖြစ်ရခြင်း၏အကျိုးကို ခံစားရသည်။ ဒေဝဒတ်သည် မြတ်စွာဘုရား၌ပြစ်မှားသောအကြောင်းကြောင့် ငရဲလားရသော အကျိုးဖြစ်ပေါ်လာကြောင်း သိရသည်။ ကုသိုလ်၊ အကုသိုလ်တို့၏ပြုပြင်ခြင်းကို အကြောင်းအကျိုးအားဖြင့် ဉာဏ်မျက်စိနှင့်သာမြင်နိုင်လေသည်။ ဓမ္မတာတရားသဘောကိုလွန်၍ ဆရာတို့၏ဘုရားကလည်း တတ်နိုင်မည် မဟုတ်လှချေ။ အကယ်၍ တတ်နိုင်ပါလျှင် ဆရာတို့၏ဘုရားတန်ခိုးတော်ကြောင့် ဆရာတို့မှာ မအို၊ မနာ၊ မသေ၊ အမြဲနေရပေမည်။ ယခုမူကား မယုံကြည်သော သူများနှင့် မခြားမနားဘူးဆရာ။

ဆရာများပြော။ ။လူတို့ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးဖြစ်ရသည်မှာ ထာဝရဘုရားသခင်ကို ပြစ်မှားသည့်အတွက် ဘုရားက ကြိမ်ဆဲတော်မူခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ထာဝရဘုရားကို မကိုးကွယ်လျှင် ဘယ်တော့မှ အပြစ်က လွတ်မည်မထင်ပါနှင့်။ ထာဝရဘုရားကလည်း ငါ၏စကားကို နားထောင်၍ သားတော်မြတ်သခင်ယေရှုခရစ်ကို ယုံကြည်လျှင် သင်တို့၏အပြစ်ကို လွှတ်မည်ဟု ကတိတော်ရှိသည်။ ကျွန်ုပ်တို့ ဘယ်လောက် သက်သာရာရသလဲ စဉ်းစားပါ။

ကျွန်ုပ်ပြော။ ။ဟုတ်ပါရဲ့ဆရာ၊ ကျွန်တော်သည်လည်း သက်သာချင်လွန်း၍ တစ်ဆယ့်ရှစ်နှစ် ဆရာတို့ဘက်မှာ နေခဲ့ပြီ။ ယခု ကျွန်တော် မကျေနပ်သောအချက်များကို ပြောပြပါမည်။ ဆရာတို့က စိတ်မဆိုးဘဲ ဖြေဆိုရှင်းလင်းစေချင်သည်။

မကျေနပ်သည့်အချက်များမှာ အရင်းကိုစစ်လျှင် အမြစ်မြေကဟု ဆိုရိုးစကားလာအတိုင်း လူတို့၏ပြစ်မှုကျူးလွန်ခြင်းသည် ထာဝရဘုရား

သခင်ကြောင့်ဟု ကျွန်တော်ထင်မိပေသည်။ အဘယ့်ကြောင့်ဆိုလျှင် ကမ္ဘာဦးကျမ်းဂဏန်းကြီး၁၊ အင်ယ် ၂၇နှင့် ဂဏန်းကြီး ၂၊ အင်ယ် ၇တို့ တွင် ထာဝရဘုရားသခင်သည် မြေမှုန့်ကိုယူ၍ ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့်အတူ ပြုလုပ်ပြီးမှ ဇီဝအသက်ကို မှုတ်သွင်းတော်မူသဖြင့် လူဖြစ်သည်ဟု ရေးသားပါရှိသည်။

အကယ်၍ မှုတ်သွင်းတော်မူသော လေသည် လူတို့အားကောင်းစေပါလျှင် လူတို့သည် ကောင်းမည်အမှန်ဖြစ်သည်။ ယခု လူတို့၏ဆိုးခြင်းမှာ မှုတ်သွင်းသောဇီဝအသက်၏တာဝန်ဖြစ်သင့်သည်။ ဥပမာ - တောင်သူတစ်ယောက်သည် ခရမ်းပင်ကို စိုက်ရာ ထိုခရမ်းပင်က ဒူးရင်းသီးသီးရန် မြော်လင့်ဖို့ မဟုတ်ပေ။ ဒူးရင်းပင် စိုက်မှသာလျှင် ဒူးရင်းသီးမည်။

ထို့ပြင် မကျေနပ်သေးသော အချက်တစ်ခုမှာလည်း လူတို့၏ပုံသဏ္ဌာန်သည် ထာဝရဘုရား၏ပုံသဏ္ဌာန်နှင့် ထပ်တူထပ်မျှဖြစ်၍ လူ၏အသက်ဝိညာဉ်သည်လည်း ထာဝရဘုရားက မှုတ်သွင်းတော်မူ၍ ရသောကြောင့် လူသည် ထာဝရဘုရား၏ကိုယ်တူပွားဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် လူသည် အိုခြင်း၊ နာခြင်း၊ သေခြင်းလည်း လွတ်နိုင်ပါမည်လား။ ဆရာတို့၏ဓမ္မသီချင်းတွင် ပုံသဏ္ဌာန်တော်နှင့်အတူ လူကိုလည်း ဖန်ဆင်းတော်မူဆိုသည် မဟုတ်ပါလား။

ဆရာများပြော။ ။ဤအရာ၌ ထာဝရဘုရား၏အလိုတော်ဖြစ်၍ ကျွန်ုပ်တို့ မပြောတတ်ပါ။ လူကို ဖန်ဆင်းသည့်အခါက ကောင်းစွာဖန်ဆင်းတော်မူပါသည်။ လူက ပြစ်မှုကျူးလွန်တာကိုး. . . ဝန်ထောက်မင်း။

ကျွန်ုပ်ပြော။ ။ဆရာတို့သည် လူ၏ဉာဏ်ဖြင့် ကြံစည်နိုင်သောအရာဖြစ်သော်လည်း ဖြေဆိုရန်ခက်လျှင် ဘုရား၏တာဝန်သာ ချလေ့ရှိသည်။ ဆရာတို့သည် ထာဝရဘုရားကို ကိုးကွယ်ကြသည့်အတိုင်း ကောင်းကင်ဘုံ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သို့ အမှန်ရောက်မည် ဆိုဝံ့ပါ၏လား။

ဆရာများပြော။ ။ဧကန်တော့ဖြင့် မဆိုဝံ့ပါ။ ဘုရားသခင်အလိုတော်ရှိ လျှင် အမှန်ရောက်မည်။ အလိုတော်မရှိက မရောက်နိုင်ချေ။ အလိုတော် အတိုင်းကိုသာ မြော်လင့် တောင့်တလျက် နေရသည်။

ကျွန်ုပ်ပြော။ ။ဤအကြောင်းကို ကျွန်တော်လည်း သိပါ၏။ ဗုဒ္ဓဘာ သာမှာ ဤကဲ့သို့မဟုတ်၊ မည်သို့ကျင့်လျှင် မည်သည့်အကျိုးကို ခံစားရ သည်အကြောင်းမှစ၍ သောတာပန်က အရဟတ္တဖိုလ်ဆိုက်ရောက်အောင် တက်သောလမ်းရှိ၍ ကျင့်သောသူတို့သည် ဘယ်စခန်း ဘယ်အခြေသို့ ရောက်မှန်းသိနိုင်သည်။ ဆရာတို့မှာ ဘယ်အခြေသို့ရောက်မှန်း မသိ၊ ဝိစိကိစ္ဆာကြီးနှင့်နေပါလျက် သူတစ်ပါးကိုလည်း ထိုဝိစိကိစ္ဆာကြီးထဲသို့ပါ အောင် ဟောပြောသည်မှာ မတော်လှဘူးဟု ထင်မိပေသည်။ ဆရာတို့၏ ကျမ်းကို ဆရာတို့ပြန်ဖတ်ကြဦး။

ဆရာများပြော။ ။ဤစကားရပ်များကို နောက်မှ ပြောကြတာပေါ့၊ ပခုက္ကူမြို့မှာ ဝန်ထောက်မင်းကြာဦးမှာကဘဲ၊ ကျွန်ုပ်တို့သည် ခံတောရပ် မှာ တရားဟောရန် ချိန်းချက်ထားသည် သွားပါဦးမည်။

ကျွန်ုပ်ပြော။ ။ခေတ္တဆိုင်းပါဦးဆရာ၊ ဆရာတို့၏ စကားတစ်ခု တင်စီး လျက်နေသည်ကို ပြောရန် ကြွင်းကျန်နေပါသည်။ လူကို ထာဝရဘုရား ဖန်ဆင်းပြီးနောက် ဒုစရိုက်တရားကိုလည်း ဖန်ဆင်းသေးသလား၊ သို့တည်း မဟုတ် ၎င်းဒုစရိုက်တရားသည် အလိုလိုဖြစ်နေသလား။ ဒုစရိုက်တရား သည် မကောင်းသောအရာ၊ ဘုရားတို့ မနှစ်သက်သောအရာဖြစ်၍၊ မဖန် ဆင်းဘူးဆိုလျှင် ကျွန်တော် ပြောခဲ့သော နိယာမစခန်းသို့ တန်းတန်းကြီး ဆိုက်ရောက်သည် မဟုတ်ပါလား။

အကုသိုလ်စိတ်က မတိုက်တွန်းဘဲနှင့် အကုသိုလ်မပြုနိုင်ချေ။ ပြုလိုသော သဘောလည်းမရှိ၊ ထိုအကုသိုလ်စိတ်ကိုလည်း ဘုရားကပင် ပေးလေသလား။ ဆရာတို့၏စကားအချုပ်ကို ကောက်လိုက်သော် ဒုစရိုက်

တရားကို ဘုရားက ဖန်ဆင်း၍ ဒုစရိုက်ပြုလိုသောစိတ်ကိုလည်း ဘုရားကပင် ပေးရာရောက်နေပြီ။ ဆရာတို့၏စကားကို ဆရာတို့ပင် ကောင်းစွာ ဖြေရှင်းကြပါ။

ဆရာများပြော။ ။ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသည် လူကဖြစ်သော ဘုရားမဟုတ်။ ကောင်းကင်ဘုံက ဘုရားဖြစ်၍ ဘုရား၏အလိုတော်ကို ကျွန်ုပ်တို့ ဘယ်ပုံဘယ်နည်းနှင့် သိနိုင်ပါမည်နည်း။

ကျွန်ုပ်ပြော။ ။ဆရာ သည်းခံပါ၊ ဒေါသ မထွက်ပါနှင့်၊ စကား အလိုက်သင့် ရောက်ရာကို ပြောရပါသည်။

*"ဘုရားသခင်၏အလိုတော်"*ဟုဆိုသောစကားမျိုးကို ကျွန်တော့်ကို မပြောပါနှင့်၊ ရိုးလှပြီ။ ဤစကားမျိုးသည် ဆရာတို့၏ပုန်းကွယ်ရာ မှောင်ရိပ်ကြီးနှင့်တူသည်။ အမျိုးမျိုးသော လူတို့ကို ဆရာတို့က ဟောပြော၍ ၎င်းတို့က ပြန်လှန်မေးမြန်းလျှင် ဤမှောင်မိုက်ကြီးထဲသို့သာ ဝင်ပြေးတတ်သည်။ ဤမှောင်ရိပ်ကြီးထဲမှာ တာရှည်မနေပါနှင့်၊ ထွက်ခဲ့စမ်းပါ။

ကျွန်တော်နှင့်ဆရာသည် သိရင်းစွဲဖြစ်ကြသည့်အတိုင်း မေတ္တာနှင့်ခေါ်ပါသည်။

နိယတမိစ္ဆာဒိဋ္ဌိနှင့် ဒိဋ္ဌိမျိုးခြောက်ဆယ့်နှစ်ပါးအကြောင်းကို ပြောပြရန် ပညာရှိကြီးတစ်ဦး ယခုပင်လာပါလိမ့်မည်၊ ခေတ္တခဏပါဦးဆရာ၊ စိတ်မဆိုးတမ်းနော်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဆရာပြော။ ။ဗုဒ္ဓဘာသာမှာလည်း ဘုရားအလိုတော်ဟုဆိုသောစကား ရှိသည် မဟုတ်ပါလား၊ ဤအရာကိုလည်း မှောင်ရိပ်ခိုသည်ဟု ဆိုရတော့ မည်လား။

ကျွန်ုပ်ပြော။ ။ဟုတ်ပါပေတယ်၊ မေးသင့်ပါပေတယ်ဆရာ။ သို့သော် ဤအချက်ကိုလည်း ကျွန်တော် ကောင်းကောင်းကြီး စဉ်းစားပြီးပါပြီ။ ဗုဒ္ဓဘာသာက ဘုရားအလိုတော်ဟုဆိုသောစကားနှင့် ဆရာတို့က ဘုရား အလိုတော်ဟုဆိုသောစကားရပ်တို့သည် အသံချင်းတူသော်လည်း အရသာ သဘောမှာ နေနှင့်မြေကြီး ဝေးသည်ထက်ပင် ကွာဝေးသေး၏။

ကွာဝေးကြောင်းကား ဆရာတို့မှာ နိယာမသဘောနှင့် အလွန် ဆန့်ကျင်သောအရာများကို ဟောပြောသဖြင့် အတော်အတန် ဉာဏ်ပညာ ရှိသူက သိလိုရ်ု စုံစမ်းမေးမြန်းလျှင် ဆရာတို့ မဖြေမဆိုနိုင်၊ နားမလည်နိုင် ခြင်းကြောင့် စကားလက်စသိမ်းလိုရ်ု ဘုရားအလိုတော်ကို လွှဲ၍ချလိုက် ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာမှာမူ ဤသို့မဟုတ်ပေ၊ မြတ်စွာဘုရားသခင် ဟော ပြောတော်မူသော အချို့သော တရားတို့တွင် မရှင်းမလင်းသောသူအား နှစ်ဘက်အစွန်းထွက်သကဲ့သို့ဖြစ်ရာ မည်သို့သောသဘောနှင့်ဟော ကြောင်းကို ပြလိုရ်ု ဘုရားအလိုတော်ဆိုသောစကားကို အသုံးပြုရသည်။

ဤအကြောင်းများကို မိလိန္ဒပဉှာ၌ များစွာရေးထားလျက်ရှိ သည်။ ဘယ်နေရာမှာမှ ပုန်းကွယ်သောအရိပ်မရှိ၊ ပိဋကတ်တော်တွင် အလိုရှိသမျှရှာ၍ ရနိုင်ပါသည်။

ဆရာပြော။ ။ဗုဒ္ဓဘာသာက 'အစမထင် သံသရာ'ဟုဆိုသည်စကား အရ သံသရာအစကို ငါမမြင်နိုင်ဘူးဆိုသည်မဟုတ်ပါလား၊ သံသရာ ၏အစကို မမြင်နိုင်လျှင် ဉာဏ်လုံလောက်စွာ ရှိသည်ဆိုရမည်လား။

ကျွန်ုပ်ပြော။ ။ဤစောဒက အလွန်ကောင်းပေ၏။ သို့သော် ဗုဒ္ဓရှင်တော်ဘုရားသည် ဉာဏ်တော် အစိန္တေယျရှင် ဖြစ်တော်မူသည်ကား ယုံမှားဖွယ်ရာမရှိ၊ ကိုယ်တော်မြတ်သည် ရှိသည်ကိုလည်း အကုန်အစင်မြင်တော်မူသည်။ မရှိသည်ကိုလည်း မရှိကြောင်း သိတော်မူသည်။ သံသရာသည် အစမရှိခြင်းကြောင့် အစမထင်ဟု မိန့်တော်မူပါသည်။

အလွန်ဝိုင်းစက်သော ဂုံညင်းတလုံး၏အစကို ပြနိုင်ပါမည်လား ဆိုလျှင် စ၍ဖြစ်ကတည်းက အဝိုင်းဖြစ်လာသောကြောင့် ပြနိုင်မည် မဟုတ်ပေ။ ထိုသို့မပြနိုင်သည့်အတွက် ဂုံညင်းကို မမြင်ဘူးဟု ဆိုရတော့မည်လား စဉ်းစားစမ်းပါ။

အကြောင်းအကျိုးတရား ထင်ရှားရှိ၏။ ကောင်းမှုပြုလုပ်သော သူအား ကောင်းကျိုး စံစားရသည်။ မကောင်းမှုပြုသူမှာ မကောင်းကျိုးကို ခံစားရသည်။ ဤအကြောင်းအကျိုးတရားသည် အဘယ်မှာ အစရှိလေအံ့နည်း။ အထက်ကောင်းကင် ဟင်းလင်းပြင်ကြီးဖြစ်ခြင်း၏အစရှိရမည် ဆရာတို့ထင်ပါသလား။ စဉ်းစား၍ ပြောစမ်းပါ။ ဗုဒ္ဓရှင်တော်ဘုရားသည် သဲလုံးနှင့်အမျှ ပွင့်တော်မူကုန်ပြီးသောဘုရားတို့၏အကြောင်းကိုပင် သိမြင်တော်မူပါသည်။

ဘုရားတစ်ဆူတစ်ဆူလျှင် လေးသခြေ်နှင့်ကမ္ဘာတစ်သိန်း၊ ရှစ်သခြေ်နှင့်ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သခြေ်နှင့်ကမ္ဘာတစ်သိန်းစသည်ဖြင့် အသီးသီး ပါရမီတော် ဖြည့်ဆည်းပူးရသည်ကိုထောက်လျှင် ဘုရားပေါင်း ဂဂ်ါသဲလုံးနှင့်အမျှဆိုသော် သံသရာဘယ်လောက်ရှည် လျားသည်ကို ထောက်ရှုကြပါ။ ဆရာတို့၏ကျမ်းအရ ကမ္ဘာဖြစ်ပေါ်သည်မှာ နှစ်ပေါင်း ခြောက်ထောင်မျှ မရှိသေးသဖြင့် ဂဂ်ါသဲတစ်လုံးကို ကုဋေတစ်ရာ စိတ်၍ တစ်စိတ်မျှ မမီသည်ကို ဆရာတို့က ခိုင်းနှိုင်းဘို့ မဟုတ်ဘူးထင်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဆရာပြော။ ။ကြာလျှင် မိုးချုပ်ကရော့မယ်၊ သွားဖို့ အခွင့်ပေးပါ ဦးဆို၍ ထွက်သွားကြလေသည်။

ဘာသာနှစ်မျိုးတို့၏တရားကို နှိုင်းယှဉ်၍ ပြခြင်း

ခရစ်ယာန်ဘာသာ၌ ဒါနတရားရှိ၏။ သို့သော်လည်း လောကီ ဒါနသာရှိသည်။ သီလတရား အတော်အသင့် ရှိ၏။ လောကုတ္တရာတရား တည်းဟူသော မဂ်ဖိုလ်နိဗ္ဗာန်တရားမရှိချေ။ ခရစ်ယာန်တို့၏နောက်ဆုံး ရောက်ရန်မြော်လင့်သော ချမ်းသာရာဌာနကား၊ ကောင်းကင်ဘုံဖြစ်၏။ ဤကောင်းကင်ဘုံကို ပဋိစ္စသမုပ္ပါဒ်မျက်စိနှင့်ရှာဖွေကြည့်ရှုလိုက်လျှင် မြဲသောအရပ်မဟုတ်၊ ဥပါဒါန်တရားလေးပါးတွင် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ အတ္တဝါဒုပါဒါန်တရားသုံးပါးတို့သည် ကောင်းကင်ဘုံသားတို့မှာ ရှိကြ၏။ ထိုဥပါဒါန်တရားသုံးပါးရှိလေရကား၊ ဥပါဒါန ပစ္စယာ ဘဝေါဆိုသည် နှင့်လျော်ညီစွာ ကောင်းကင်သားတို့သည် အမြဲမနေရ။ ပဋိသန္ဓေနေရမည် မချွတ်တည်း။ ဥပါဒါန်တရားမရှိလျှင် ပဋိသန္ဓေတဖန် မနေလို၊ နေလည်း မနေနိုင်။

ကောင်းကင်ဘုံသားများကို မဆိုထားဘိ၊ ကောင်းကင်ဘုံရှင် သခင်ယေရှုခရစ်ပင် အမိ၏ဝမ်း၌ ပဋိသန္ဓေနေရသေးသည်အကြောင်း ကို အောက်ပါ ဧဝံဂေလိဓမ္မသီချင်းကို ကြည့်ရှုပါလေ။

ကောင်းကင်ဘုံရှင်ဘုရင်၊

ပလ္လင်တော်ကိုစွန့်၍၊

မြေကြီးပေါ် ကျွန်ုပ်ထွက်ကြွပြီ။

ဖွားမြင်ခြင်းခံအံ့ငှာ၊

ဘက်လင်မြို့သို့ ကြွလာ၊

ဖွားမြင်တော်မူရန် အိမ်မရှိ။ (ထပ်၍ဆိုရန်)

ကျွန်ုပ်စိတ်ထဲ၌ ကျိန်းဝပ်တော်မူပါ၊

ကိုယ်တော်တို့ အသင့်ပြင်ဆင်ပြီ၊

ကျွန်ုပ်စိတ်ထဲ၌ ကျိန်းဝပ်ပါ၊

ကိုယ်တော်တို့ အသင့်ပြင်ဆင်ပြီ။

ဗုဒ္ဓဘာသာ၌ကား ဒါနတရား ပြည့်စုံစွာရှိ၏။ သီလတရား, နိဗ္ဗာန်, မဂ်, ဖိုလ်တရား အလွန်ပြည့်စုံစွာ ရှိကြ၏။ ဗုဒ္ဓဘာသာဝင်တို့ မြော်လင့်ရာ ချမ်းသာခြင်းသည် နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်သည် ဝဋ်သုံးပါး၏နယ်တွင်း မဟုတ်လေသောကြောင့် ပြုပြင်ခြင်းနှင့်ကင်း၏။ *"တေသံဝူပ သမော သုခေါ"* ဖြစ်၏။

နိဗ္ဗာန်၏အကြောင်းကို ဥပမာ ဥပမေယျနှင့်တကွ ဖေါ်ပြရမည် ဆိုလျှင် အလွန်ရှည်လွန်း၍ ဤကျမ်းငယ်အမည်ပျောက်ပြီးလျှင် နိဗ္ဗာန် စာအုပ်တွင်မည်ဖြစ်၍ အချုပ်သဘောကိုသာ ပြလိုက်ပါအုံ့။

နိဗ္ဗာန်သည် အဝိဇ္ဇာနှင့်တဏှာတို့ ကင်းပြတ်ရာ အလွန်ချမ်းသာ သော သဘောတရား မနောဝိညာဏဓာတ်၏အာရုံဖြစ်သည်။

ဤနိဗ္ဗာန်သည် မြတ်၏၊ ငြိမ်သက်၏၊ ဝဋ်ဆင်းရဲမဖြစ်ရာ။ နိဗ္ဗာန် ကို တစ်စုံတစ်ယောက်သောသူ အကယ်၍ရလေအုံ့၊ ထိုပုဂ္ဂိုလ်၏စိတ်သည် သခ်ါရ မဖြစ်ရာ၊ ထိုနိဗ္ဗာန်သို့ပြေးဝင်၏။ ကြည်လင်၏။ ရွှင်ပြ၏။ ငါသည် ကိုးကွယ်ဆောက်တည်ရာကို ရအပ်ပေပြီဟု နှစ်သက်၏။ အကျယ်ကို သိ လိုမူ မိလိန္ဒပဉ္ဉာကျမ်းမှာ ကြည့်လေ။

E-book is created by www.shanyoma.org

E-book is created by ***www.shanyoma.org***

တဏ္ဍာနံ၊ တဏ္ဍာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ မဇ္ဈဂါ အဓိဂါ၊ ငါရပြီ။ မြတ်စွာဘုရား ကျူးရင့်တော်မူသော ဥဒါန်းတော်ကိုလည်း ထောက်လေ။

ဗုဒ္ဓဘာသာတရား၏အဆီအနှစ်ကို သိလျှင် အခြားဘာသာသို့ ဝင်တော့မည်မဟုတ်၊ ကောင်းစွာနားမလည်သောသူများသာ ဝင်တတ်ကြ၍ ထိုဘာသာ၌လည်း ကောင်းစွာမသိဘဲ သဲကန္တာရ၌ ခရီးမှားသော သူများကဲ့သို့ ဖြစ်တတ်လေသည်။

အချို့သောလူမျိုးတို့သည် မိမိတို့ကောင်းကျိုးအဖို့ ရည်မှန်း၍ ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကိုဂ၎င်း အချို့မှာ လူတို့ကိုပင် ယဇ်ပူဇော်ကြ လေသည်။

သူတစ်ပါး၏အသက်ကို သတ်၍ပူဇော်လျှင် အကျိုးမရှိ၊ ပါဏာ တိပါတကံဖြစ်ကြောင်းကို *သစေမုစ္စေ ပစ္စမုစ္စေ* အစရှိသော ဂါထာတော်၊ *ဧဝံစေသတ္တာ ဇာနေယျုံ၊* အစရှိသော ဂါထာတော်၊ ထို့ပြင် အကြင်သူတို့ သည် သူ့ကိုသတ်၍ မိမိလည်း ယဇ်ပူဇော်အံ့၊ သူတစ်ပါး ပူဇော်သည် ကိုလည်း ဝမ်းမြောက်အံ့၊ ထိုသူတို့သည် ငရဲသို့သာ သွားရကုန်၏။

သဗ္ဗေပဝိဌာနိရယံ၊ ယထာတံ ပါပကံကရိတွာန၊ နဟိပါပကမ္မံ ကတာ၊ လဗ္ဘာသုဂတိ ဣတောဂန္တုံ၊ ဟူသော ပါဠိတော်ကို ထောက်လေ။

လူအပေါင်းတို့ သတိထားကြနိုင်ရန် ရှင်တော်ဘုရားဟောပြ တော်မူသော ဆရာယောင် ငါးယောက်တို့အနက် တတိယဆရာယောင်ကို ကျွန်ုပ်တို့ အထူးသဖြင့် ရှောင်သင့်တော့သည်။ ထိုဆရာယောင်ကား မိမိ၌ မစင်ကြယ်သောအယူစကားတရားဒေသနာရှိလျက်၊ စင်ကြယ်စွာ ရှိ ယောင်မူ၍ သူတထူးအား ကဲ့ရဲ့ရှုတ်ချလျက်၊ မြတ်သောအယူဝါဒဓမ္မ ဒေသနာသည် ငါ၌သာ ရှိ၏ဟု ဝန်ခံ၍ အပူဇော်ခံသောသူပေတည်း။

ထာဝရဘုရားသခင်သည် သနားတော်မူ၍ ရွေးကောက်တော်မူသောသူတို့ကိုသာလျှင် ကယ်တင်တော်မူသည်။ ရှင်မသဲ ခရစ်ဝင်ကျမ်း ဂဏန်းကြီး ၂၀၊ အငယ် ၁၆တွင် သခင်ယေရှုခရစ်က များစွာသောသူတို့ကို ခေါ်သော်လည်း ရွေးကောက်သောသူကား နည်း၏ဟု အတည့်အလင်း ပြောထားလေရာ၊ ထိုရွေးကောက်သောသူတို့တွင် မြန်မာလူမျိုးမပါချေ။ ဓမ္မသစ်ကျမ်းအစောင်စောင် အခန်းအခန်းတို့၌ ရှာသော်လည်း မတွေ့၊ ဣသရေလလူမျိုးကိုသာ ရွေးကောက်ကြောင်း အောက်ပါဓမ္မသီချင်းကို ထောက်လေ။

ရွေးကောက်တော်မူ ဣသရေလူမျိုး၊

အကျန်အကြွင်း နည်းပါး။

ရွေးကောက်ရန် အကျန်အကြွင်းနည်းပါးသည်မှာလည်း မြန်မာလူမျိုးမဟုတ်ပေ၊ ဥရောပတိုက်သားများသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ပါလျက် ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသခင်သည်ဟု အနက်ပေးသည်ကို ယောနယ်က ဘုရားဟု ယောသားများအချို့တို့ က ထင်ယူသကဲ့သို့ မြန်မာများကလည်း မိမိတို့ကို ဥရောပလူမျိုးအထဲသို့ ပါဝင်စေသည်၊ သွတ်သွင်းသည်ဟု အထင်လွဲရှာကြဟန်ရှိသည်။

အကြောင်းအကျိုးကို မစူးစမ်းဘဲ အရမ်းမဲ့ပြုတတ်သောသူတို့သည် အကျိုးနှစ်ပါး ဆုံးရှုံးတတ်ကြောင်း *အကို့ဘိန္နော ပဋေနဌော* အစရှိသော ဂါထာတော်ကို ထောက်လေ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဘုရားသစ္စာအာနုဘော်၊ လူကို ဖန်ဆင်းသူတို့အကြောင်း

ဗုဒ္ဓဘာသာမှအပဖြစ်သော ဘာသာများတွင် ဘုရားသည် လူတို့၏အမှုကို စီရင်၍ လူတို့ကို ထိုက်သည့်အားလျော်စွာ အကျိုးအပြစ်ကို ဆပ်ပေးသည်။ ဘုရားပြုလုပ်သမျှဖြစ်သည်။ လူတို့က ဘာမျှမတတ်နိုင်၊ ဘုရားကိုသာ ဆုတောင်း၍ ဘုရားချစ်တော်မူက အပြစ်လွှတ်၍ ကယ်တင်နိုင်သည်ဟု မှတ်ယူကြလေသည်။

ဗုဒ္ဓဘာသာမှာ ဤကဲ့သို့မဟုတ်။ လူတို့၏ကျင့်စဉ်မှစ၍ ဒါနမှ၊ သီလမှ၊ သမထဝိပဿနာမှတို့ကိုပြုက ကောင်းကျိုးချမ်းသာ ခံစား, စံစားရသည်။ တရားကို စောင့်လျှင် တရားကပြန်၍ စောင့်သည်ဟု ယုံကြည်ကြသည်။ တစ်စုံတစ်ယောက်သောသူသည် ဒါနပြုလုပ်လျှင် ဘုရားက မောင်မင်း နတ်ပြည်ကို တက်စေ၊ တစ်စုံတစ်ယောက်သူသည် သူ၏အသက်ကို သတ်လျှင် မောင်မင်း ဘယ်ငရဲမှာ နှစ်ပေါင်းမည်မျှခံစေဟူ၍ အမိန့်ပေးသည် မရှိ၊ မိမိတို့၏ကောင်းမှု မကောင်းမှုတို့က ပို့ဆောင်သည်။ အကယ်၍ ဘာသာခြားလူတို့က ဘုရားသည် ထိုကဲ့သို့ အမိန့်မပေးနိုင်လျှင် ဘုရားကို ကိုးကွယ်ရန်မလိုတော့ပြီ။ ကောင်းကျိုးဆိုးကျိုးတို့သည်လည်း အမိန့်ပေးမည့်သူမရှိဘဲ ဖြစ်နိုင်မည်မဟုတ်၊ ဤလောကမှာ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်ချသည့်အခါ အမိန့်ဝါရမ်းရေး၍ ထောင်သို့ပို့ရသည်မဟုတ်ပါလားဟု မေးငြားအုံ့။

ဖြေရန်မှာ ဘုရားက အမိန့်မပေးသော်လည်း ဘုရား, တရား, သံဃာရတနာသုံးရပ်ကိုဆည်းကပ်ကိုးကွယ်ခြင်းသည် မိမိ၌ကောင်းကျိုးချမ်းသာရောက်သည်ကား မချွတ်တည်း။ ဥပမာ - ကောင်းသောမြေပေါ်၌ စိုက်သောမျိုးစေ့ကဲ့သို့ မြေက မောင်မင်း သန်မာစေဟု အပင်အသီးတို့ကို အမိန့်မပေးသော်လည်း သန်မာ၍ကောင်းသောအသီးကို သီးသဖြင့် အကျိုးထူးများကို ရလေ၏။

အမိန့်ပေးသူမရှိဘဲ နတ်ပြည်သို့တက်ရခြင်း၊ ငရဲခံရခြင်း၊ အကြောင်းမှာ ကုလာဓမ္မာ အကုသလာဓမ္မာ၊ ဓမ္မာနိသတ္တာ၊ နိဇီဝသဘာဝ၊ သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့က ပြုပြင်ကုန်၏။

ဤတရားတို့ကို လူများမမြင် မတွေ့ရဘဲနှင့် မည်သို့ပြုပြင်ပါသနည်းဆိုလျှင် ဥပမာ- ချိုသောအသီးကို သီးတတ်သောသရက်ပင်က မျိုးစေ့ကိုယူ၍စိုက်သော် သရက်ပင်ငယ်၌ ချိုသောသဘောပါရှိလာသော်လည်း ရှာဖွေ၍မတွေ့။ အသီးသီးသဖြင့် စားသောအခါမှ သိရသည်။ အပင်ငယ်ကို ခုတ်ဖြတ်၍ရှာသော်လည်း ချိုသောသဘောကို မမြင်မတွေ့ခြင်းကြောင့် ချိုသောသဘောသည် ထိုအပင်ငယ်အတွင်းမှ ပပျောက်သွားသည်မဟုတ်၊ ဖြစ်ဖို့အချိန်ကျက ဖြစ်လာရသည်။ ယခုကာလပေါ်သော ဓာတ်သီချင်း၊ ဓာတ်ပြားများကို ကြည့်လိုက်လျှင် သီချင်းကို မတွေ့မမြင်နိုင်သော်လည်း၊ သီချင်းကား အမှန်ရှိသကဲ့သို့ နိယာမတရားသည်ရှိ၏။ ဓာတ်ရထားကို အရှိန်ပေးသောဓာတ်ကြိုးခ်ိန်ရှိသော ဓာတ်တို့ကို မမြင်နိုင်သော်လည်း အမှတ်တမဲ့သွား၍ ကိုင်မိလျှင် တခါတည်း သေကြေပျက်စီးလိမ့်မည်။ ထို့အတူ မမြင်နိုင်သော နိယာမတရားငါးပါး၏အကြောင်းကို ဖတ်ပါလေ။

ဗုဒ္ဓဘာသာတရားသည် ဉာဏ်နှင့်ယှဉ်သော တရားဖြစ်သည်

အနောက်နိုင်ငံသား ပညာရှိကြီး ဗုဒ္ဓဘာသာမဟုတ်သူတို့သည် မိမိတို့၏ဉာဏ်ပညာအလျောက် လောကကို ဖန်ဆင်းသူရှိ မရှိ ရှာဖွေစီစစ်ရာ ဖန်ဆင်းသူကို မတွေ့၊ နိယာမမမ္မ ပြုပြင်လျက်နေသည်ကိုသာ တွေ့ကြောင်း ရေးကြသောစာအုပ်များကိုပင် ကျွန်ုပ်က ညွှန်ပြနိုင်သည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာမဖြစ်မီက တစုံတခုသောအခြင်းအရာကို ဆိုသဖြင့် ထိုဆိုခြင်းသည် သစ္စာစကားသို့သက်ဝင်၍ ဆိုသည့်အတိုင်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဖြစ်ပေါ်လာလျှင် ဘုရားပေးသည်ဟု ထင်လေသည်။ ဤသို့သော ထင်ချက်များအနက်တစ်ခုကို ဖော်ပြပါအံ့။

အကျွန်ုပ်သည် ဗေါကလိဆိုသောနယ်မှာ မြို့အုပ်အလုပ်နှင့်နေရာ၊ တစ်နေ့သ၌ တောင်ငူမြို့က လှေစီး၍ ပြန်လာသောအခါ ပဲလဝါဆိုသော တောစခန်းသို့ရောက်သည်။ ဤစခန်းက ဗောကလိရွာသို့ တောင်ပေါ်ခရီးဖြင့် ၉-မိုင်ကျော်ကျော် ဝေးသည်။ ၎င်းစခန်းသို့ ကျွန်ုပ်သည် မြင်းတစ်စီးအသင့်လွှတ်၍ထားနှင့်ရာ ကျွန်ုပ်နှင့်အတူ မိတ်ဆွေတစ်ဦးပါလာသဖြင့် မြင်းတစ်စီးတည်းဖြစ်၍ မိတ်ဆွေစီးရန် မြင်းမရှိ၊ ဗောကလိခရီးသို့ ညအခါ မသွားဝံ့၊ သွားပြန်လျှင်လည်း ကျွန်ုပ်နှင့်အတူနေရန် လူမရှိသောကြောင့် ခက်ခဲခြင်းနှင့်တွေ့ကြုံနေလေသည်။ ထိုအခါ ကျွန်ုပ်သည် အောက်ပါစကားကိုဆို၍ ဆုတောင်းသည်မှာ-

"ကျွန်ုပ်သည် မြင်းမစီးဘဲ တောင်ကို မတက်နိုင်၊ ကျွန်ုပ်၏မိတ်ဆွေလည်း မြင်းမစီးရလျှင် ဧကန်မသွားနိုင်၊ ကျွန်ုပ်မှာ မြင်းတစ်စီးသာရှိ၍ နှစ်ယောက်မစီးနိုင်၊ သို့ဖြစ်၍ မြင်းတစ်စီးပေးပါ"ဟုဆုတောင်းလေသည်။

နံနက်လင်းသည်တိုင်အောင် မြင်းမရောက်မလာ၊ မြင်းစ, မြင်းနကို မတွေ့မမြင်ရသော်လည်း ကျွန်ုပ်စိတ်က ပျက်ကွက်ခြင်း မရှိ၊ ရမည်ဟု ဧကန်ယုံကြည်နေသည်။ ထိုနောက် အတော်ကြာလျှင် ခရီးဖင့်မည်စိုး၍ ရှိရင်းမြင်းတစ်စီးကို တစ်ယောက်မောလျှင် တစ်ယောက်၊ တစ်ကိုယ်တစ်လှည့်စီ စီးရန်သဘောနှင့်မြင်းကိုပြင်ဆင်၍ ထွက်မည်ပြုရာတွင် မနီးမဝေးသောသစ်ပင်ကြီးအောက်မှာ မြင်းသုံးစီးနှင့်လူခြောက်ယောက်ကို တွေ့မြင်လေရာ ကျွန်ုပ်က မြင်းငှားမည်လားဟု လူစေလွှတ် မေးမြန်းလျှင် ကျွန်ုပ်ကို လာ၍ကြိုသောမြင်းနှင့် လူများဖြစ်ကြောင်းသိရလေသည်။ ထိုသူတို့ကိုခေါ်၍ မည်သူက လာ၍ကြိုရန်ပြောသနည်းဟုမေးမြန်းလျှင် ညဉ့်သန်းခေါင်အချိန်လောက်တွင် ရွာနှင့်မနီးမဝေးက လူတစ်ယောက်ဟစ်အော်၍ မြို့အုပ်ပဲလဝါမှာရှိသည် သွား၍ကြိုဆိုကြဟု ပြောသည်နှင့်

ကြက်ဦးတွန်လောက်တွင် မီးရှူးမီးတိုင်တို့နှင့်ထွက်လာကြရာ ယခုမှ ဆိုက်ရောက်ကြောင်း ပြောပြလေသည်။ ထိုဟစ်အော် ပြောဆိုသွားသောသူကို ကျေးဇူးတင်လျှ၍ ကျေးဇူးဆပ်ရန် မေးမြန်းရှာဖွေသော်လည်း ယခုထက်ထိ ကျွန်ုပ်မတွေ့ရှိသေး။

ဤအချက်၌ ဘုရားပေးသည်ဟု ကျွန်ုပ်မှတ်ယူထင်မိသည်။ ထို့နောက် ကျွန်ုပ်သည် သာစည်နယ်သို့ ရွှေ့ပြောင်းလုပ်ကိုင်နေသည့်အတွင်း သာစည်မြို့အနောက်ပိုင်းမှာ မီးလောင်ရာ သာစည်မြို့အုပ်မင်းသည် ၎င်း၏အိမ်နှင့်နီးသောကြောင့် မီးလောင်ရာအရပ်သို့ ကျွန်ုပ်မရောက်မီ ရောက်နေလေ၏။ ကျွန်ုပ်ရောက်သွားသောအခါ သူသည် ငုံးမင်းပရိတ်တော်ကို ရွတ်သော်လည်း မီးငြိမ်းဘဲ အနောက်ဘက်တန်းကုန်စင်အောင် လောင်ကြောင်းပြောလျှင် ကျွန်ုပ်၏စိတ်က သူ၏ဘုရားသည် တန်ခိုး မရှိခြင်းကြောင့် မရသည်ဟု မှတ်ယူလိုက်လေသည်၊ ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပြီးသည့်နောက်ကာလ၊ ပါရမီတော်ခန်းပျို့၌ သစ္စာ အာနုဘော်၏ အကြောင်းကို ဖတ်သည်တွင်-

ဝသုန္ဓရေ ဤမြေသော်လည်း စောင့်စည်းမှုသား၊ ကျင့်သောအားဖြင့်၊ စကားသစ္စာ၊ မှန်သောခါကား၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏ဟု တွေ့မြင်ရသောအခါ -

အကြောင်းကိုပြည့်စုံစွာသိလိုရှု ငုံးမင်းပရိတ်တော်ကို ရှာဖွေဖတ်ကြည့်ရာတွင်မှာ ကျွန်ုပ်သည် ဗောဓိလမှ မြင်းရခြင်းနှင့်မြို့အုပ်မင်း၏ပရိတ်ရွတ်ခြင်းတို့သည် ဘုရားနှင့်မစပ်မဆိုင်၊ သစ္စာ၏အချက်နှင့်သာဆိုင်ကြောင်း သိရလေသည်။

ငုံးမင်း၏ဖြစ်ပျက်ပုံနှင့်မြို့အုပ်မင်း၏ဖြစ်ပျက်ပုံ မတူကြပါဘဲ လျက်၊ ငုံးမင်းဆိုသော သစ္စာစကားမျိုးကို မြို့အုပ်မင်းကဆိုသောကြောင့် သစ္စာအာနုဘော်မရှိခြင်း ဖြစ်သည်။ ငုံးမင်းသစ္စာဆိုပုံကား-

E-book is created by www.shanyoma.org

E-book is created by **www.shanyoma.org**

(၁) တောမီး၊ ငါ့အား အတောင်တို့သည် ရှိကုန်၏။ ထိုအတောင်တို့ဖြင့် ကောင်းကင်သို့ပျံခြင်းငှာ မတတ်နိုင်။

(၂) ငါ့အား ခြေတို့သည် ရှိကုန်၏၊ ထိုခြေတို့ မြေပေါ်မှာ မသွားနိုင်ကုန်။

(၃) ငါ၏မိဘတို့သည်လည်း ထွက်ပြေးခဲ့ကြပြီ။ သင်သည် ဖဲလေလော့။

အထက်က ရေးသားသည့်အတိုင်း မြို့အုပ် ရွတ်ခြင်းကြောင့် မုသားဖြစ်ကုန်ကား-

(၁) သာစည်တွင် လောင်သည်မှာ တောမီးမဟုတ်၊ ပန်းပဲဖိုကစ၍ လောင်သောမီးဖြစ်ခြင်း၊

(၂) မြို့အုပ်၏ခြေတို့သည် အလွန်ပြေးလွှားနိုင်၏။

(၃) မြို့အုပ်၏မိဘများသည် ဘယ်ကိုမှ ထွက်၍ မပြေးကြ။

သို့ဖြစ်၍ မမှန်သော သစ္စာစကားကိုဆိုမိလျက် ဖြစ်လေသည်။

မမှန်သောသစ္စာကိုဆိုကလည်း အကျိုးမရှိကြောင်း ပြလိုရ-
*"အကြင်သောအခါ၊ ဤသစ္စာကို၊ အရာ၌တည်လွဲ၊ မသုံးစွဲတည့်၊ စည်းလဲ စကား၊ မှားလတ်တုံအံ့၊ မြေခုံစည်းတန်း၊ မုသားထွန်းသား၊ တကျွန်းပတ်ရံ၊ တနိုင်ငံနှိုက်၊ အသံမုသား၊ ပျက်စကားကို၊ မကြားစလို၊ အောင်လိမ့်ဆိုသို့၊ ပေါ်စိုရသာ၊ မြေသြဇာလျက်၊ တထွာတတောင်၊ လက်ခုပ်ဘောင်လျှင်၊ နက်ချောင်ဝှပ်နစ်၊ အောက်လျှိုးဖြစ်၍၊ ခါးခြစ်ဆေးဝါး၊ လူတို့စားလည်း၊ နာဖျားမလွတ်၊ ဥပဒ္ဒဝေါ၊ ဘေးဘျမ်းပြော၏"*ဟု ရှေးပညာရှိတို့ စပ်ဆိုတော်မူသည်။

သစ္စာဆိုပုံစကားက အပိုအမိုမပါဘဲ အမှန်သိလိုလျှင် ဒသနိပါတ် ကဏ္ဍဒီပါယနဇာတ်နှင့် သုဝဏ္ဏသာမဇာတ်တော်ကြီးမှာ ကြည့်လေ။

အချို့ကျမ်းရေးဆရာတို့က သစ္စာပြုပုံ၏ အကြောင်းကိုရေးရာ၌ အပိုအမိုစကားများစွာ ထည့်သွင်းခြင်းကြောင့် လိုရင်းသို့မရောက်သဖြင့် သစ္စာအာနုဘော်တော်၏အကျိုးကို မခံရ။

ငုံးမင်းပရိတ်နှင့် ငါးရံ့မင်း၏ပရိတ်တော်ကို ရေးရာ၌ မည်မျှလောက် အပိုအမိုပါ၍ လိုရင်းသဘောကို မရောက်ကြောင်း ဧကနိပါတ် ဝဋ္ဋကဇာတ်နှင့်အမတဒ္ဒါရကျမ်းတို့တွင် ထင်ရှားလေသည်။ ထို့ကြောင့် သစ္စာအာနုဘော်၏အကျိုးကို ခံစားလိုသောသူတို့များစွာ သတိထားသင့်တော့သည်။ ဘုရားပေးသည်မဟုတ်၊ သစ္စာအာနုဘော်ကြောင့်သာ အပေါ်ကရေးသားသော အချက်များဖြစ်ကြောင်းကို ထင်ရှားစေရန် ကျွန်ုပ် ဗုဒ္ဓဘာသာဖြစ်ပြီးနောက် သစ္စာပြုသော အကြောင်းတခုကို ပြပါမည်။

ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီးနောက် မိတ္ထီလာမြို့သို့ ကျွန်ုပ်တစ်ဖန်ပြန်၍ ပြောင်းရသည်။ ထိုအခါ မလှိုင်မြို့သို့ မြင်းနှင့် နယ်လှည့်သွားရာ ဦးလူမောင်ဆိုသူတယောက်လည်း ကျွန်ုပ်၏အခြားမြင်းတစ်စီးကို စီး၍ လိုက်လာလေသည်။ မလှိုင်မှာ ကိစ္စကုန်၍ နက်ဖြန်ခါ မိတ္ထီလာသို့ပြန်မည်ပြုသဖြင့် ပြင်ဆင်ကြရာ ဦးလူမောင်စီးသော မြင်းသည်မရှိ။ အများလူတို့နှင့်ရှာကြသော်လည်း မတွေ့သဖြင့်၊ နံနက်စောစော မိတ္ထီလာကိုပြန်ရန် ခက်နေသည်ဟု ကျွန်ုပ်နှင့်အခြားသူများပါ ပုလိပ်ဂါတ်တဲ၏ အရိပ်မြက်ပင်ပေါ်မှာထိုင်၍ စကားပြောနေရာ ဦးလူမောင်ပြန်လာ၍ ကျွန်ုပ်က ဦးလူမောင် သစ္စာများကို ပြုပါ၏လားမေးလျှင်၊ အောက်ကရေးသားပါရှိသောသစ္စာကိုပြုကြောင်း ပြန်ပြောသည်။ ဦးလူမောင် သစ္စာပြုပုံကား-

(၁) ကျွန်ုပ်မှတ်မိသမျှ ကာလပတ်လုံး သက်နှံးဝတ်၍လာသောသူ ရဟန်းဖြစ်စေ၊ သာမဏေတို့ဖြစ်စေ၊ ဦးချရှိခိုးခြင်း မပြုဘဲမနေ။

(၂) ကျွန်ုပ်သည် လမ်းများကို သွားလျှင် လမ်းပေါ်မှာ မကောင်းသော

E-book is created by www.shanyoma.org

E-book is created by **www.shanyoma.org**

အညစ်အကြေးတို့ကို တွေ့မြင်လျှင် ဘယ်အခါမျှ မသိမ်းဘဲမနေ၊ ဤမှန်သောစကားကို ဆိုခြင်းကြောင့် နေမဝင်မီ မြင်းပြန်၍လာစေသား။

ထိုအခါ ကျွန်ုပ်က ဦးလူမောင် ယခုနေတစ်ဝက်သာ ကျန်တော့သည်။ ဘယ်မှာမြင်းလာဖို့ အချိန်ရှိတော့သလဲဟုပြော၍ ခဏကြာလျှင် အလွန်ပြင်းထန်သော မြင်းခွာသံကို ကြားသောကြောင့် ထ၍ကြည့်ကြရာ ဦးလူမောင်စီးသော မြင်းသည် ဒုန်းစိုင်း၍ပြေးလာပြီးလျှင် အနီးအနားက ဝိုလ်တဲမြင်းဇောင်းသို့ ဝင်သွားလေသည်။ ၎င်းနောက် နေလည်း ဝင်သွားလေ၏။

ဤအရာသည် ဗုဒ္ဓဘာသာကို စွန့်ခွာထွက်သွားကြသော ပါဠိအူပေါက်ဆရာတို့၏ ယောင်မှားဖွယ်သော အချက်ပေတည်း။

ဗုဒ္ဓဘာသာကျမ်း၌ လူကိုဖန်ဆင်းသူသည် တဏှာယောက်ျားပဲခွပ်သမားအပြင် အခြားမရှိချေ။ ဤတဏှာယောက်ျားပဲခွပ်သမားကို မကိုးကွယ်ထိုက်။ ပယ်ထိုက်၊ သတ်ထိုက်၏။ ဘောဂဟကာရက၊ အို အတ္တ-ဘောတည်းဟူသောအိမ်ကို ပြုတတ်သော တဏှာယောက်ျားပဲခွပ်သမားဟု အနက်ရှိသည်။ မြတ်စွာဘုရားသခင် ကျူးရင့်တော်မူသော *အနေက ဇာတိ သံသာရံ* ဟူသောဂါထာတော် ထင်ရှားစွာလာရှိ၏။

အခြားသောဘာသာဝင်တို့က ဗုဒ္ဓဘာသာသည် အနှစ်ငါးထောင်သာတည်သည်။ ငါးထောင်လွန်လျှင် ဗုဒ္ဓဘာသာတရားမရှိ၊ ကွယ်ပျောက်လိမ့်မည်။ ၎င်းတရားသည် ရွှေရည်ပွက်ကဲ့သို့ အနှစ်ငါးထောင်သာခံသည်ဟု မသိရှာကြ၍ ကဲ့ရဲ့ပြောဆိုကြသည်။

ဗုဒ္ဓမြတ်စွာဘုရား၏သာသနာတော်သည် ကျင့်သူရှိက ဘယ်တော့မှမကွယ်၊ *ဣမေ စ သုဘဒ္ဒ ဘိက္ခူ၊ သမ္မာဝိဟရေယ္ယုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ* ဟူသော ဂါထာတော်သည် မိလိန္ဒပဉှာမှာ ထင်ရှားရှိပါလျက် ကဲ့ရဲ့တတ်သောသူတို့မှာ တစ်နည်းတွေ့နှင့်

လွေ့လွေ့ရမ်းရမ်း လျှာသရမ်း၍ ချီးမွမ်းခြေဆောင့် မမူရာဟု ရှေးပညာရှိတို့ စပ်ဆိုတော်မူသော စကားကို နှလုံးသွင်းသင့်ပေသည်။

ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့သိသာရန် ဖော်ပြချက်များ

နောက်ဆုံးစကား၌ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့အား ကျွန်ုပ်က ပြောပြချင်သောအချက်များမှာ၊ ကျွန်ုပ်သည် ခရစ်ယာန်ဘာသာတွင် နေစဉ်အခါက ခရစ်ယာန်၏မျက်စိဖြင့် ဗုဒ္ဓဘာသာမြန်မာ အမျိုးသားချင်းတို့အပေါ်၌ တွေ့မြင်ရသော အပြစ်များကြောင့် ကဲ့ရဲ့ဖူးသည့်အကြောင်းများ ဖြစ်သည်။

ဤသို့ဖော်ပြပြောဆိုသည့်အတွက် ကျွန်ုပ်အပေါ်မှာ ဒေါသရန်ငြိုးမထားဘဲ မေတ္တာတရားသာထားစေချင်ပါသည်၊ အဘယ့်ကြောင့်ဆိုလျှင် ကျွန်ုပ်သည် အမျိုးသားချင်းကို နှိပ်စက်ပြောဆိုလို၍မဟုတ်၊ ကိုယ့်အပြစ်ကို ကိုယ်မမြင်နိုင်၊ ဘာသာတစ်ပါးတို့ကသာ မြင်နိုင်ခြင်းကြောင့် ထိုအပြစ်တို့ကို ပြင်ဆင်နိုင်ရန် တစ်ကြောင်း၊ ထို့ပြင် ပညာရှိတို့သည် မိမိတို့ ကိုယ်ကိုသာလျှင် ရှေးဦးစွာ လျောက်ပတ်သောတရား၌ တည်စေပြီးမှ သူတစ်ပါးအားဆုံးမနိုင်ရန် အကြောင်းများကြောင့် သတိတရားရရန် ရေးသားပါသည်။

အတ္တာနမေဝပဌမံ၊

ပတိရူပေ နိဝေသယေ၊

အထညမနုသာသေယျ၊

နကိလိဿေယျပဏ္ဍိတော။

-ဟူသော ဂါထာတော်ကို ထောက်လေ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ဘယ်နေရာမှာမဆို အက အခုန် အပျော်အပါးကိုသာ အမှားပြုတတ်သည်၊ အယုတ်သဖြင့် တော အရပ်များမှာ မသာချသည့်အခါကိုမျှပင် အကအခုန် အပျော်အပါးမပါဘဲ မပြုနိုင်ကြ။

မိမိတို့၏ဘာသာကို အလေးဂရုပြုသည်ဆိုသော်လည်း ပြုရာ မရောက်ခြင်းမှာ ဘုရားပွဲတော်များကို အမှီတဲကဲပြု၍ အမျိုးမျိုးသော ကစားဝိုင်းများမှစ၍ မတော်မလျော်သောအမှုများကို ဘုရားလူကြီးများ အချို့တို့က ပြုလုပ်ကြသည်။

ဝါသနာပါတော်မူ၍ ကစားလိုကြလျှင်ဖြစ်စေ၊ အပျော်အပါး အားဖြင့်ဖြစ်စေ လုပ်လိုက အရပ်ရပ်သောကလပ်တို့သို့ ကြွရောက် ကစား ကြပါလေ။

လေးသင်္ချေကမ္ဘာတသိန်း ပါရမီဖြည့်ဆည်းပူးတော်မူပြီး၍ သမ္မာ သမ္ဗုဒ္ဓစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ဂုဏ်တော် ညှိုးနွမ်းအောင် ဘုရား၏အမည်တော်နှင့်ပတ်သက်၍ ကစားဝိုင်း မလုပ်ကြပါနှင့်။

ဘုရားကို မရှိသေမူ၍ ဗုဒ္ဓအဂါရဝဖြစ်က ထိုသူတို့သည် ဘုရား အတွက် အစစသော ဝတ္ထုရားတို့ကို ဆောင်ရွက်ပြုလုပ်ရာ၌လည်း အမှား သောသူတို့၏စိတ်တွင် ယုံယုံကြည်ကြည် မရှိနိုင်ရာ။

ဘုရားလူကြီးမင်းတို့သည် ဥပါသကာဂုဏ်နှင့်ပြည့်စုံအောင် တတ် အားသလောက် ကြိုးစားဆောက်တည်ပါလျှင် ယခုမြန်မာနိုင်ငံ၌ အခြား သောဘာသာတို့က ကဲ့ရဲ့ရှုချသောအချက်သည် ကွယ်ပျောက်လိမ့်မည်။ လူဆိုသည်မှာ မမှားသောသူ မရှိချေ။ သို့ဖြစ်၍ အမှားနည်းအောင် အား ထုတ်သင့်သည်။

အခြားဘာသာကမူ တဆိတ်ကို တစ်အိတ် လုပ်၍ ပြောတတ်

သည်ကား မှန်၏။ ကိုယ့်အပြစ်ကိုကား မမြင်ကြဟန်ရှိသည်။ ခလဇာထော၊ ယုတ်သောသဘောရှိသောသူသည်။ ပရေသ်ဝ၊ သူတပါးတို့၏။ တိလမတ္တ၊ နှမ်းစေ့ခန့်မျှရှိသော။ အပွဒေါသ်၊ နည်းသောအပြစ်ကို။ ပဿတိ၊ မြင်တတ်၏။ နာဠိကေရမ္ပိ၊ အုန်းသီးလောက်ရှိသည်လည်းဖြစ်သော။ သဒေါသ်၊ မိမိ၏အပြစ်ကို။ နပဿတိ၊ မမြင်တတ်။ ဗုဒ္ဓဘာသာသည် လောကဓာတ်မှာ ယခုရှိသောဘာသာတကာတို့ထက် မြင့်မြတ်သန့်ရှင်း၍ လူတို့၏လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်တတ်သော တရားဖြစ်ကြောင်းကို မည်သည့်ဘာသာဝင် ပညာတတ်ကြီးများနှင့်မဆို၊ ကျွန်ုပ်က ပြိုင်ဆိုင်၍ ပြောဆိုဝံ့ပါ၏။ သို့သော်လည်း ဤမြင့်မြတ်သော တရားတော်ကို မြန်မာလူမျိုးအားလုံးက ကောင်းမွန်စွာ လိုက်နာပါ၏ ဟူ၍ကား မပြောဝံ့ချေ။

အယုတ်သဖြင့်ဆိုသော်၊ ကျွန်ုပ်တို့မြန်မာလူမျိုးများသည် ဝစီဒုစရိုက်ကို ကျူးလွန်တတ်ကြသဖြင့် မြန်မာအချင်းချင်းပင် မြန်မာများစွာ နေထိုင်သော ရပ်ကွက်တွင် မနေချင်အောင် ဖြစ်သည်။ အချို့သော ဘုန်းကြီးကျောင်းများမှာထားသော သူငယ်များနှင့်ခရစ်ယာန်ကျောင်းမှာ နေသောသူငယ်များ မတူကြ။ ဘုန်းကြီးကျောင်းသားသူငယ်များမှာ လွန်စွာ ဖရှုသဝါစာကို သုံးစွဲကြသည်။ ဤသို့ဖြစ်ခြင်းကြောင့် တခါတရံ သားရှင်မိဘများက ဘုန်းကြီးကျောင်းက အဆုံးအမ လစ်ဟင်းသည်ကို မစဉ်းစားဘဲ ဗုဒ္ဓဘာသာမကောင်းဟု ဝန်လေးသောစကားကို ဆိုမိတတ်လေသည်။

မြန်မာလူမျိုးများသည် ကတိစကားကို ဖျက်ရန် ဝန်လေးသည် မထင်ကြ၊ အယုတ်သဖြင့် တစ်ဦးကို နံနက်ခါ လာမည်ဟု ပြောပြီးနောက် မလာမရောက်။ ထိုမလာနိုင်သည့် အကြောင်းကိုလည်း မပြောမကြားဘဲ နေတတ်သည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သေးငယ်သောအမှုမှာ မတည်ကြည်လျှင် ကြီးကျယ်သောအမှု၌ တည်ကြည်ဖို့ရန် ခက်၍ တစ်ယောက်ကို တစ်ယောက်မယုံကြည်ကြ။

အချို့သော ရဟန်းတို့သည် လူ၏ဘောင်၌နေသောလူများကဲ့သို့ ဘုရားလမ်း အတက်အဆင်းမှာဖြစ်စေ ကာဖီဆိုင်များမှာဖြစ်စေ၊ ဆေးပေါ့လိပ်ကြီးများ စီးကရက်များကို ကိုက်၍ အခြားသောလူတို့နှင့် ဒူးတင်ပေါင်ယှက် ခုံရှည်များပေါ်မှာထိုင်၍ စကားပြောဆိုနေတတ်သဖြင့် ဤအခြင်းအရာကို အခြားဘာသာဝင်တို့ကမြင်လျှင် ဗုဒ္ဓဘာသာမကောင်းဟု ဘာသာကို ကဲ့ရဲ့တတ်ကြရာ ကဲ့ရဲ့သောသူနှင့် ကဲ့ရဲ့ခံရသောသူနှစ်ဦးစလုံးပင် ဝန်လေးသည်။

မြန်မာလူမျိုးမိန်းမများမှာ အခြားဘာသာလူမျိုးနှင့် လက်ထပ်လျှင် မိမိဘာသာကို တခါထဲ စွန့်ပစ်၍ လင်၏ဘာသာသို့သာ လိုက်တတ်သည်များ၏။ အဘယ်ကြောင့်ဆိုလျှင် မိမိတို့၏ဘာသာရင်းကို မသိ နားမလည်၊ ဘာသာဆိုလျှင် အတူတူဘဲဟု ထင်တတ်ကြသည်။

သို့ဖြစ်၍ မြန်မာမိန်းမများသည် ဘိုးစိန်အောင်ဗလ၊ နှစ်ပါးသွားစာအုပ်ကို ဖတ်လိုက အနည်းငယ်သာ ဖတ်ပြီးလျှင် ဇာတ်တော် နိပါတ်တော်မှစ၍ ပညာရှိကြီးများရေးသားသည့် စာအုပ်များကို ဖတ်လျှင် သားသမီးအပေါ် လင်သားအပေါ်မှာ ဖြောင်းဖျပြောဆိုနိုင်က လောကုတ်, လောကီ နှစ်လီသောအကျိုးကို ခံစားရပေမည်။

အထက်မြန်မာပြည်မှာ မြန်မာမင်းလက်ထက်က မြို့တစ်မြို့တွင် မြင်းတစ်စီးပျောက်သွားရာ အခြားမြို့မှာ ပေါ်ပေါက်လေသည်။ မြင်းရှင်က မြို့ဝန်ရုံးမှာ တရားစွဲလျှင် မြို့ဝန်သည် ၎င်းမြင်းကို ကြိုက်သည်နှင့် စီရင်ချက်ချလိုက်သည်မှာ ပေါ်မြင်းကို ငါယူ၍ တရားလို တရားခံတို့မှာ ကိုယ့်စရိတ်ကို ကိုယ်ထိန်းစေ၊ ဤသို့စီရင်ချက်ချသဖြင့် မြင်းရှင်မှာ အလွန်နစ်နာရှာလေသည်။

ထို့အတူ ယခုကာလ၌ အချို့သောဆရာတို့သည် တပည့်လက်သားတို့ကို လောကုတ်, လောကီ အကျိုးဖြစ်ထွန်းအောင် မဟောမပြော၊ *ဒါနတော ဘောဂဝါ* ဆိုသော ပါဠိတော်ကိုသာ ရွတ်လျက် ၎င်းတပည့်လက်သားတို့အား မိမိတို့စရိတ်ကို မိမိတို့ ထိန်းကြစေလေသည်။

ဘောဂဝါကိုသာ မျက်မှောက်ပြု၍ လှူကြသောတကာ တကာမတို့မှာလည်း နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ခြင်းကြောင့် *သူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်မဂ်၊ မပန္နက်တည့်* ဟူ၍စပ်ဆိုတော်မူသော ပညာရှိ၏စကားနှင့်လွတ်ကင်းဖို့ရာ ခဲယဉ်းလေသည်။ လူ၏ဘောင်မှာ နေသေးသော သူတို့သည် ရှိစုမဲ့စုကို အကုန်အစင်လှူရသည်မဟုတ်ပေ၊ တိုင်းစာ၍ ပြုသင့်သည်။

ဒါနမှု သီလမှုတို့သည် အလွန်ပင်ကောင်းသည် မှန်၏။ သို့သော်လည်း ဒါနမှု, သီလမှုတို့မျှနှင့်သာနေလျှင် အကျိုးမကြီးသေး၊ ဘုရားပွင့်တော်မမူသော ခေတ်သမယတို့၌ပင် ထိုဒါနသီလတရား ရှိကြသည်။ ဗုဒ္ဓဘာသာတရားသည် အခြားဘာသာတရားတို့ထက် မြင့်မြတ်သည်၏ အဆီအနှစ်ကို ပြောရမည်ဆိုလျှင် အနတ္တတရားပေတည်း။

အခြားဘာသာ၌ အနတ္တတရားမရှိ။ မသိမမြင်နိုင်သဖြင့် အတ္တအမျှင်အတန်းကြီးနှင့်သာ နေ၍ သခ်ါရနယ်က ဘယ်တော့မှ မကျွတ်မလွတ်နိုင်။ အနတ္တတရားကိုသိလျှင်၊ သက္ကာယဒိဋ္ဌိကို ခွာနိုင်သောလမ်းကို ရ၏။ သက္ကာယဒိဋ္ဌိကိုသိ၍ ခွာတတ်လျှင် သောတာပန်စခန်းသို့ ဆိုက်လျက် အတ္တဝါဒုပါဒန်ခေါ်သော ဥပါဒါန်တရား ကင်းသဖြင့် ငရဲဘေးကို စိတ်ချရသည်။

ဤအနတ္တတရားကိုသိရန် လွယ်သည် မဟုတ်၊ သက္ကာယဒိဋ္ဌိအကြောင်းကိုပြသော စာအုပ်အများရှိကြပါလျက်၊ အယူအဆမတတ်။ ခက်ခဲခြင်းကြောင့် ကာမုပါဒါန်နှင့်အတ္တဝါဒုပါဒန်စွဲလမ်းပုံကို သေချာစွာ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ခွဲ၍ မသိမမြင်နိုင်သည့်အတွက် စွဲလမ်းမှုဟူသမျှကိုပင် သက္ကာယဒိဋ္ဌဟု အချို့သူများက ပြောဆိုတတ်ကြသည်။ ငယ်ကတည်းက စွဲလမ်းစရာအိုး အိမ်မရှိ၊ သားမယားပစ္စည်းဘဏ္ဍာမရှိ၊ သစ်ပင်အောက်တကာမှာ လှည့်လည်၍နေသောသူမှာ သက္ကာယဒိဋ္ဌကွာပြီလားဟု မေးလျှင် မကွာသေးဟူ၍ ဖြေရပေလိမ့်မည်။ မည်သည့်အရာ ကျန်နေသေးသောကြောင့် မကွာသေးကြောင်းပြောပါသနည်းဟု မေးမြန်းလျှင် သေချာစွာမသိက အဖြေရခက်ပေလိမ့်မည်။ သို့ဖြစ်၍ စွဲလမ်းတိုင်း သက္ကာယဒိဋ္ဌမဟုတ်၊ မည်သည့်အရာမျိုးကို စွဲလမ်းမှ သက္ကာယဒိဋ္ဌဖြစ်ကြောင်း သိသင့်သည်။ ထို့ပြင် ပါဠိဘာသာအားဖြင့် သတ္တပုဂ္ဂလ၊ အတ္တဇီဝ၊ မြန်မာဘာသာဖြင့် ငါ၊ လောက်လန်းသဖွယ် တွယ်တတ်သောဝိညာဉ်၊ အင်္ဂလိပ်စကားနှင့် Soul; subtract; Self; I; Psychic, ဟုအသီးသီးခေါ်ကြ၍ မရှိဘဲနှင့် အရှိထင်မှတ်ကြသော သက္ကာယဒိဋ္ဌကို သိအောင် ရှာသင့်သည်။

ဤစာအုပ်ငယ်တွင် ရှည်လံ့စွာပြရန် အချက်မဟုတ်သောကြောင့် အနည်းငယ် အမြွက်မျှ ဖော်ပြလိုက်သည်။

ဘုရားကိုယ်တော်မြတ်ကြီးမှာ သက္ကာယရှိ မရှိ၊ မည်သည့်ဥပါဒါန်ရှိ မရှိ၊ မည်သည့်စိတ်နှင့်ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု မျှားစွာငြင်းခုံခြင်းပြုသဖြင့် အချိန်ကို မဖြုန်းမူ၍ မိမိတို့ကိုယ်၌ သက္ကာယဒိဋ္ဌကွာရန်နှင့် မည်သည့်ဥပါဒါန်မျိုးရှိ၍ မည်သို့ခွါနိုင်ရန်အကြောင်းကိုသာ စဉ်းစားဖို့သင့်တော့သည်။

သူဌေးကြီးတစ်ဦးက အလွန်ဆင်းရဲ၍ နံနက်စောစွာမှ ထမင်းမစားရသေးသော သူတစ်ယောက်ကို သနားသဖြင့် ရွှေဒင်္ဂါးတစ်ပြားထမင်းဝယ်၍စားသောက်သုံးစွဲနိုင်ရန်ပေးရာ ထိုသူဆင်းရဲသည် မိမိ၏အလိုကို ရှေးဦးစွာ မကြည့်မရှုမူ၍ ရွှေဒင်္ဂါးပေးလာသောသူဌေးကြီးမှာ ရွှေဒင်္ဂါးမည်မျှရှိသည်၊ အိမ်၌ အသုံးအဆောင် စားပွဲကုလားထိုင် မည်မျှရှိသည်၊ ၎င်း၏အိမ်ပေါ် သို့တက်ရန် လှေကားအထစ်ပေါင်း မည်မျှရှိသည်ကို

စုံစမ်းစစ်ဆေး၍နေခဲ့လျှင် ထိုသတင်းအကြောင်းအရာများကို ပြည့်စုံစွာ မသိရှိမီ မိမိသည် ထမင်းငတ်၍သေစရာရှိလေသည်။

ထို့နည်းတူ မိမိတို့၏ဦးခေါင်းပေါ်၌ စူးစိုက်လျက်ရှိသော သက္ကာယဒိဋ္ဌိကို ခွာချရန် ဟောပြောတော်မူသောတရားကို ရှေးဦးစွာ မဆင်ခြင် မစဉ်းစားဘဲ အလုံးစုံသောကိလေသာမီး ငြိမ်းပြီး၍ နိဗ္ဗာန် ချမ်းသာကြီးသို့ ရောက်ပြီးသောအရှင်မှာ သက္ကာယရှိ မရှိ၊ စုံစမ်းနေလျှင် မိမိတို့၏လိုရာစခန်း လစ်ဟင်း၍ အကျိုးမဲ့ဖြစ်တတ်လေသည်။

သက္ကာယဒိဋ္ဌိအကြောင်းကို သိလိုပါလျှင် သတိပဋ္ဌာန်နှင့်ဝိမုတ္တိ ရသကျမ်း၊ ပဋ္ဌိစ္စသမုပ္ပါဒ်ကျမ်း၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို သေချာစွာ နား လည်အောင် ဖတ်လျှင် သိရလိမ့်မည်။

ထို့ပြင် စဉ်းစားရန် အချက်တစ်ခုမှာ အချို့သောရဟန်းများကို အစဉ်မပြတ် ညစ္စေးတန်း ရှုပ်ဆိုင်ကြီးမှစ၍ အရောင်းအဝယ်ပြုရာ ဌာန တို့မှာ တွေ့မြင်ကြရလေသည်။ ဤအကြောင်းမှာ ရဟန်းတို့ကိုသာ အပြစ် မဆိုထိုက်ပေ။ လူများကလည်း အားပေးအားမြှောက်ပြုခြင်းကြောင့် ဖြစ် ရသည်။

ရဟန်းများသည် ဝယ်စရာငွေမရှိလျှင် ဘယ်တော့မျှ စျေးဆိုင် ကန္ဒားများသို့သွားမည်မဟုတ်ချေ။ ထိုငွေကို ဘယ်ရပါသနည်းဆိုလျှင် အလျှုအဒါန်းပြုလုပ်သော အချို့သော အလှူရှင်တို့က လှူဖွယ်ဝတ္ထုကို မဝယ်ဘဲ ငွေကို ကပ်လိုက်သဖြင့် ထိုငွေကိုရသောရဟန်းတို့မှာ စျေးဆိုင် ကန္ဒားသို့ မိမိတို့အသရေကို ဖျက်၍ တိုးဝှေ့သွားရောက်ဝယ်ခြမ်းရရှာလေ သည်မှာ အလွန်စိတ်မသက်သာစရာ ကောင်းသည်။

အရဟတ္တဓဇကို ဝတ်ဆင်လျက်နေကြသော ပုဂ္ဂိုလ်များအား ငွေ ကိုမကပ်ဘဲ ရဟန်းတို့နှင့်ထိုက်တန်သော အသုံးအဆောင်ကိုဝယ်ခြမ်း၍ လှူဒါန်းပါလျှင် လှူသူလည်း အကျိုးရှိ၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

လမ်းသေးလမ်းမ ဆိုင်ကန္ဒားများကို လှည့်ပတ်နေမည့်အချိန်ကာလကို တရားအားထုတ်သဖြင့် အကျိုးခံစားရမည့်ပြင် တစ်ပါးသောဘာသာတို့၏ကဲ့ရဲ့ခြင်းနှင့်ကင်းလွတ်မည် မဆွတ်တည်း။

လောကမှာရှိနေကြသော လူအချို့တို့က ဘုရားဆိုသည်မှာ တန်ခိုး အလုံးစုံရှိသင့်သည်။ နေ, လ, ကြယ်နက္ခတ်, တာရာတို့ကိုဂင်း၊ ဒုစရိုက်, သုစရိုက်တို့ကိုဂင်း၊ သံသေတ္တာကြီးနှင့်ထားသကဲ့သို့ ထား၍ နေကိုအလိုရှိသူအား နေ၊ လကိုတောင့်တသူအား လ၊ ဒုစရိုက် သုစရိုက်ပြု သူအား အပြစ်အကျိုးအလျောက် ပြုလုပ်စီမံနေရမည်ဟု ထင်မှတ်ကြ သည်။

ဤသို့ထင်ကြသောသူများသည် မိမိတို့ဆုတောင်းသည့်အတိုင်း ယခုရှိရင်းကိုယ်များကို ပြောင်းလဲ၍ တစ်ဆယ့်ခြောက်နှစ်အရွယ် လှပ နုနယ်စွာဖြစ်အောင် ပြုလုပ်၍ ကြိမ်လုံးစကြာများကိုရပါလျှင် မည်မျှ ဝမ်းသာကြမည်ကို မပြောနိုင်။ သို့သော်လည်း ဘယ်တော့မှ မရချေ။ ကျွန်ုပ်နှင့်အသိဉာဏ်ပညာ အတော်အတန်ရှိသူ ကုလားတစ်ယောက်သည် မိမိ ဘုရားရှိခိုးကျောင်းမှာ ခေါင်းလောင်းအပြင်းအထန်ထိုးသည်ကို နား ညည်းလွန်းသောကြောင့် ဘယ်အတွက် ဤမျှလောက်ထိုးရပါသနည်းဟု ကျွန်ုပ်ကမေးရာ သူ၏ဘုရားသည် အပျော်အပါး လည်ပတ်နေလျှင် ကျောင်းသို့လာရန် မေ့လျော့နေမည်စိုး၍ ဘုရားကြားအောင် တီးရ ကြောင်း ပြန်ပြောသည်။ ကျွန်ုပ်က သင်တို့ဘုရား အပျိုအိမ်ကို သွားသေး သလားဟုမေးလျှင် သူသည် မျှားစွာအံ့သြ၍ ပြောဆိုသည်မှာ ဥစ္စာပစ္စည်း ကုံတန်ကြွယ်ဝသောသူများပင် အပျော်ကြူးသေးပါလျက် အလုံးစုံကို ပိုင်သောဘုရားကား သဘောရှိရာ မလုပ်ပဲနေပါ့မည်လားဟု ဆိုလေ သည်။

ဗုဒ္ဓဘာသာဘက်က ကြည့်လိုက်လျှင် ဤကမ္ဘာမြေကြီးမှစ၍ နေ လ ကြယ်နက္ခတ်တို့သည် အချိန်ကျသည်ကာလ ပျက်စီးရသည်။ ဖန်ဆင်း

ခြင်းခံရသည်ဆိုသော သတ္တဝါတို့သည်လည်း ခယမမ္မာ၊ ဝယမမ္မာ-ကုန်တတ်ပျက်တတ်သောသဘောကို မလွန်ဆန်နိုင်၊ စကားဥပမာအလို့ငှာ ဤနေလနက္ခတ်တို့ကို ဖန်ဆင်းသည်ဆိုသော စကားကို အမှန်ပင် ထားလိုက်ပါဦးတော့။ ဖန်ဆင်းအပ်သောအရာတို့သည် မတည်မမြဲ၊ တောတောင်သမုဒ္ဒရာ လူသတ္တဝါတို့သည် နေ့စဉ်ပျက်စီးလျက် ရှိနေကြသည်ကို မြင်ရသဖြင့် ဖန်ဆင်းတော်မူသောအရှင်သည် သခ်ါရမမ္မလက်မှ လွတ်အောင် ပြုနိုင်သောသတ္တိ မရှိကြောင်း သိလိမ့်မည်။

နေတစ်စင်းကို မဆိုထားဘိ၊ နေပေါင်းကုဋေတစ်သိန်းကို ဖန်ဆင်းနိုင်သော်လည်း သခ်ါရသဘောတရားလက်မှ လွတ်အောင် မတတ်နိုင်ချေက အဘယ်အကျိုးရှိပါအံ့နည်း။ *သဗ္ဗေ သခ်ါရာ အနိစ္စ၊ သဗ္ဗေ သခ်ါရာ ဒုက္ခာ၊ သဗ္ဗေမမ္မာ အနတ္တာ* ဟု ရှင်တော်ဘုရားဟောတော်မူသောတရားတော်နှင့်ပင် ညီနေပြီ မဟုတ်ပါလား။

ထိုသခ်ါရပြုပြင်ခြင်းမှ ကင်းသောတရားလမ်းရှိပါ၏လားဟု ရှာဖွေလျှင် ဗုဒ္ဓဘာသာတရားကလွဲ၍ ဘယ်မှာမှတွေ့မည်မဟုတ်ပေ။ အခြားဘာသာ၌ ငါကယ်တင်မည်ဟု ပြောဆိုသော ပုဂ္ဂိုလ်ရှိသည်ဆိုသော်လည်း ယုံစရာမဟုတ်။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ဖန်ဆင်းသည် ဆိုသမျှသောအရာတို့သည် တစ်ခုမျှ မတည်မမြဲသောကြောင့်တည်း။

လူသတ္တဝါတို့ အပြစ်ကျူးလွန်သည့်အတွက် မြေကြီးသည်လည်း ကျိန်ဆဲခြင်းကို ခံရသောကြောင့် ပျက်စီးရသည်ဟု ဆင်ခြေတက်အံ့။ ကောင်းကင်ဘုံ၏တန်ဆာများဖြစ်ကြသော ကြယ် လ နက္ခတ်တို့မှာ မည်သူအတွက် ကျိန်ဆဲခြင်းခံရ၍ ပျက်စီးပါသနည်း။ ကောင်းကင်ဘုံမှာလည်း ကျိန်ဆဲခြင်းခံထိုက်သော သူများရှိသေးသလားစသည်ဖြင့် မေးစရာရှိလေသည်။ ဆေးဆရာတစ်ဦးက မိမိ၏ဆေးသည် ဆံမဖြူ သွားမကျိုးသောဆေးဖြစ်သည်ဟု ကြော်ငြာစာထုတ်သော်လည်း ထိုဆရာကုသမျှ လူတို့မှာ ဆံပင်နက်ဟူ၍ တစ်ပင်မျှမရှိ။ သွားလည်း တစ်ချောင်းမျှ မရှိ

E-book is created by www.shanyoma.org

E-book is created by **www.shanyoma.org**

သည်ကို မြင်ရလျှင် သူ၏ကြော်ငြာစာကို ယုံနိုင်ပါမည်လား။ ဗုဒ္ဓဘာသာ တရား၌ အတည့်အလင်းဖော်ပြသည်မှာ ပြုပြင်၍ ဖြစ်ပေါ်လာသမျှသော သခ်ါရတရားတို့သည် ပျက်စီးပြိုကွဲ အမြဲမရှိကြ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏၊ ဖြစ်ပေါ်ပြီး၍ ချုပ်ဆုံးပျောက်ကွယ်ကြကုန်၏။ ထိုသခ်ါရ တရားတို့မှကင်းသော နိဗ္ဗာန်သာလျှင် ဆင်းရဲမဖက် သက်သက်ချမ်းသာ လှ၏။

ဤသို့ဆင်းရဲမဖက် သက်သက်ချမ်းသာခြင်းတရားကို ရရန်မှာ မဂ္ဂင်ရှစ်ပါးအပြင် အခြားမရှိ၊ ထိုမဂ္ဂင်ရှစ်ပါးတရားကို အားထုတ်နိုင် ကြပါစေသတည်း။ ဤမဂ္ဂင်ရှစ်ပါးတရားသည် လူပြောသူပြောနှင့် ယုံ ကြည်ရသည်မဟုတ်၊ ကိုယ်တိုင်စမ်းကြည့်က ဒိဋ္ဌသိနိုင်သော တရားဖြစ် လေသည်။

ဗုဒ္ဓဘာသာတရားသည် ဉာဏ်နှင့်ယှဉ်သော တရားဖြစ်၍ အဆောတလျင် နားမလည်နိုင်သည့်အတွက် မစွန့်ပစ်ကြပါနှင့်။ နားလည် သော ပညာရှိပုဂ္ဂိုလ်ကျော်များစွာ ရှိသည်။ ထိုသူတို့ထံ မေးမြန်းကြပါလေ။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည် ပညာမဲ့ သူတို့၏အရာ မဟုတ်ချေ။ ဤအကြောင်းကို သိရှိသဖြင့် လန်ဒန်မြို့တော်ရှိ ဗုဒ္ဓဘာသာအသင်းဝင်လူကြီးလူကောင်းတစ်ဦးက ရေးသားသည်မှာ-

Buddhism, it has been truly said is not the religion for fools.

(Buddhist review for October, November and December 1914.)

ဂင်းစကားရပ်များသည် ရှေးပညာရှိများက *အတတ်မလိမ္မာ၊ မြင်နည်းစွာသား၊ ပညာမဲ့တွန်၊ သူမိုက်ကျွန်ကို၊ နိဗ္ဗာန်တရား၊ ဟောလှည့် ငြားလည်း၊ နားမနာသီး၊ ဘုတ်နှင့်ကျီးသို့* ဟူ၍ စပ်ဆိုတော်မူကြသည့်

စကားနှင့် ညီညွတ်၏။

ယေဘုယျအားဖြင့်ဆိုလျှင် လောကဓာတ်မှာ ကျွန်ုပ်တွေ့ကြုံဆုံမိသမျှသောလူတို့တွင် မြန်မာလူမျိုးကဲ့သို့ သဒ္ဓါတရား သနားကရုဏာရှိသော လူမျိုးမရှိ။ အနောက်နိုင်ငံသားများသည် အလှူအဒါန်းများစွာလုပ်ကြသည် မှန်၏။ သို့သော်လည်း မိမိတို့သေ၍ အသုံးမရှိသောအခါမှ ပြုလုပ်ရန် သေတမ်းစာများ၌ ရေးသားထားသည်သာ များလေသည်။

မြန်မာလူမျိုး၏ အလွန်အဖိုးထိုက်သော သဘောတစ်ခုမှာ အားနာခြင်းဖြစ်လေသည်။ ဤအားနာခြင်းဆိုသော စကားသည် အခြားလူမျိုးများမှာ မရှိချေ။ အားနာခြင်းသည် သည်းခံခြင်းနှင့်မေတ္တာတရားတို့၏စပ်ကြားက ဖြစ်ပေါ်လာသောတရား ဖြစ်၏။ အားနာတတ်သော မြန်မာလူမျိုးတို့ကြောင့် ကျွန်ုပ်တို့ မည်မျှကျေးဇူးခံစားရသည်ကို ပြောရမည်ဆိုလျှင် များလှ၍ အနည်းငယ်ဖော်ပြပါအံ့။

အထက်မြန်မာနိုင်ငံရွာများတွင် နယ်လှည့်သွားလာကြသော အရာရှိများ တည်းခိုရန် အိမ်ကောင်းအိမ်မွန်ဟူ၍ အလွန်ရှားပါးသည်။ ထို့ကြောင့် ဘုန်းကြီးကျောင်းပရဝုဏ်အတွင်းရှိ ဇရပ်များမှာဖြစ်စေ၊ ဇရပ်မရှိလျှင် ကျောင်း၏အပိုင်းအစိတ်မှာဖြစ်စေ တည်းခိုရသည်။ ထိုသို့ အခွင့်မတောင်းဘဲ သဘောအလျောက် တည်းခိုပြီးနောက် သဘောရှိရာ ချက်ပြုတ်စားသောက်၍ ထွက်သွားကြလျှင် ကျန်ရှိရစ်ခဲ့သော မြင်း၏အညစ်အကြေး အမှိုက်သရိုက်တို့ကို ဘုန်းကြီးကျောင်းသားများနှင့်သာမဏေငယ်များက သိမ်းဆည်းပစ်ရလေသည်။

အတည်းအခိုများသော ဘုန်းကြီးကျောင်းများမှာ မြင်း၏အညစ်အကြေးတို့ကို ကျုံးပစ်ရန် ဝါးကပ်ခြင်းတောင်းအစရှိသည်တို့ အသင့်လုပ်၍ထားကြသည်ကို မြင်ရလေသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

အဘယ်လူမျိုး ဤသို့ခံမည်နည်း။ အလွန်ဝေးလံသောနိုင်ငံတို့က ဤမြန်မာနိုင်ငံသားများကို သနား၍ တရားလာဟောသော ဆရာကြီးများ ခံပါမည်လား။ စမ်းကြည့်လျှင် ဂါတ်သို့ရောက်သောအခါ သိရလိမ့်မည်။ မြန်မာအမျိုး၌ ဖြစ်လာရခြင်းကို ဝမ်းမြောက်ကြပါကုန်။

မြစ်မ, ကောင်းလျက် သောင်တိမ်ဖျက်ဆိုသကဲ့သို့ မြန်မာလူမျိုးများတွင်အကြီးအမှူး ပြုလုပ်သူတို့က ပုံသက်သေနည်းပြခြင်း၌ နေရာမကျသည့်အတွက်ကြောင့်သာ တခြားလူမျိုးတို့ ကဲ့ရဲ့ခြင်းကို ခံရလေသည်။

လောကနီတိကျမ်းကို ရေးသော ဆရာသည် မြန်မာလူမျိုးကို မြင်ဖူးဟန်မရှိ၊ အကယ် မြင်ဖူးပါလျှင် စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း အနံ့ကိုမစွန့်ဟုဆိုသော စကားနှင့်ဆက်၍ မြန်မာလူမျိုးသည် မည်မျှပင် ဆင်းရဲဒုက္ခနှင့်တွေ့ကြုံသော်လည်း အားနာခြင်းသဘောကို မစွန့်ဟု အမှန်ရေးပေလိမ့်မည်ဟု ကျွန်ုပ်ထင်မိလေသည်။

မြန်မာလူမျိုးသည် လောကီစီးပွားရေး၌ အခြားလူမျိုးတို့ကို မမီနိုင်သည်မှာ ကံကို အယူအဆလွဲသဖြင့် ကံပြုပြင်သမျှ ဖြစ်လိမ့်မည်ဟူ၍ မြော်လင့်တောင့်တခြင်းကြောင့် ဖြစ်သည်။

ကံကို နေရာတိုင်းမှာ မယူသင့်၊ ကံဆိုသည်မှာ အစထူထောင်ပေးရုံသာဖြစ်၍ ဉာဏ်နှင့်ဝီရိယတို့က တိုးပွားအောင် ပြုပြင်ရသည်။ ကျွန်ုပ်တို့၏မြတ်စွာဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသည် ဖွားမြင်တော်မူစကပင် ဘုရားဖြစ်တော်မူမည့်အကြောင်းကို ပညာရှိတို့ဟောထားသော်လည်း ငြိမ်ဝပ်စွာ နေတော်မမူ။ ဒုက္ကရစရိယာ ပင်ပန်းစွာကျင့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ကျွန်ုပ်တို့သည် ဉာဏ်ဝီရိယတို့ဖြင့် လောကီစီးပွားကို သူတထူးထက်သာအောင် တရားသဖြင့် ရှာမှီးထိုက်သည်။

ပြိတ္တာတို့ဘောင်၊ ဥစ္စာဆောင်သည်ဟု ရှေးပညာရှိတို့ စပ်ဆိုသည် မဟုတ်ပါလား။ မေးဖွယ်ရှိသည်မှန်၏။ ဥစ္စာကို မတော်လောဘနှင့် လိမ်လည်၍ ရှာဖွေမှုသာလျှင် စီးပွားဖြစ်မည်။ လောကီအသရေ တိုးတက်မည်ဟု စိတ်အထင်နှင့်မတရားရှာမှီးသောသူအားကား၊ ပြိတ္တာတို့ဘောင်သို့ မဆောင်လျှင် အဘယ်သို့ဆောင်မည်နည်း။ ထိုသို့မဟုတ်မူ၍ တရားသဖြင့် မိမိ၏လုံ့လဝီရိယ ဉာဏ်စွမ်းတို့ဖြင့် ရှာမှီးသောသူမှာကား အကျိုးများစွာရှိ၏။ ဥပမာဆိုသော် ရေအလွန်ရှားပါးသောဒေသတို့၌ မိမိ၏အိမ်သားများအတွက် ဆွေမျိုးဥာတိမိတ်သင်္ဂဟမှစ၍ ဧည့်သည်တို့ သုံးသောက်ရန်အတွက် ရေကိုခပ်၍ အိုးကြီးအိုးငယ်တို့ဖြင့် လှောင်ထားသည်နည်းတူ ဥစ္စာကို မတော်လောဘ တပ်မက်၍မဟုတ်၊ လူတို့၏ဘောင်၌နေစဉ် သားမယား အဆွေခင်ပွန်းမှစ၍ အလှူခံပုဂ္ဂိုလ်အမျိုးမျိုးတို့အား လှူဒါန်းရန် သဘောနှင့်သာ ရှာဖွေလျှင် အပြစ်မရှိ။

အနာထပိဏ်သူဌေးသည် ဥစ္စာရှာမှီးသိုသိပ်လျက်ပင် သောတာပန်ဖြစ်သည့်အကြောင်းနှင့် မဆိုစလောက်သောသင်္ကန်းအတွက်မျှနှင့် သန်းဖြစ်ရသောတိဿမထေရ်တို့၏အကြောင်းကို ထောက်လေ။

ဤနေရာ၌ ကာမုပါဒါန်နှင့်အတ္တဝါဒုပါဒန်တို့၏စွဲလမ်းပုံကို ခွဲခြားရန် အလွန်သိမ်မွေ့သောတရားတစ်ခု ပေါ်ပေါက်လေသည်။

ပါဠိတော်ကို ရွတ်တတ်ရုံမျှနှင့်တင်းတိမ်၍ မနေသင့်၊ ၎င်းပါဠိတော်၏အနက်ကို နားလည်ကာမျှဖြင့်လည်း မတော်သေးပေ။ ထိုပါဠိ၏အနက်အဓိပ္ပါယ်သဘောတို့ကို သိအောင် ကြိုးစားသင့်လေသည်။

မိတ်ဆွေတို့ သိစေရန်

ဤစာအုပ်ကို ရောင်းချခြင်းမှာ စီးပွားဖြစ်စေလိုသော သမ္မာဆန္ဒနှင့် မဟုတ်ပါ။ သာသနာတော်၏အကျိုးကျေးဇူးဖြစ်ထွန်းစေရန် ထောက်ပံ့သောသဘော သက်သက်ဖြစ်ပါသည်။

E-book is created by www.shanyoma.org